# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
# (ကလေးသူငယ်နည်းဥပဒေများ)
# အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၁
# ရန်ကုန်မြို့၊ ၁၃၆၃ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်
# (၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ကလေးသူငယ် ဥပဒေပုဒ်မ ၇၄၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **ကလေးသူငယ်နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသောစကားရပ်များသည် ကလေးသူငယ်ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ ကလေးသူငယ်ဥပဒေကို ဆိုသည်။

(ခ) **လုပ်ငန်းကော်မတီ** ဆိုသည်မှာ ကော်မတီက ဤနည်းဥပဒေများအရဖွဲ့စည်းသော ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီကို ဆိုသည်။

(ဂ) **ဆပ်ကော်မတီ** ဆိုသည်မှာ လုပ်ငန်းကော်မတီက ဤနည်းဥပဒေများအရဖွဲ့စည်းသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဆပ်ကော်မတီကို ဆိုသည်။

(ဃ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများတွင်ပါရှိသော ပုံစံကို ဆိုသည်။

## အခန်း (၂)
## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၃။ ဥပဒေပုဒ်မ ၄ အရ ဖွဲ့စည်းထားသည့် ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကလေးသူငယ်၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်း၊

(ခ) ဥပဒေပါပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများက ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်သောလမ်းညွှန်မှုများချမှတ်ခြင်း၊

Myanmar Law Information System (MLIS)

(ဂ) ကလေးသူငယ်နှင့်ပတ်သက်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို လိုအပ်သလိုပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ တိုးတက်မှုအခြေအနေကို အခါအားလျော်စွာ စိစစ်သုံးသပ်ခြင်း၊

(ဃ) ကလေးသူငယ်၏ အကျိုးအတွက် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း များ၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ် သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ကူညီမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုကိုရယူခြင်း၊

(င) ပြည်တွင်း ပြည်ပစေတနာရှင်များထံမှ လှူဒါန်းငွေများ၊ ပစ္စည်းများလက်ခံရယူရေးနှင့် ယင်းလှူ ဒါန်းငွေများ၊ ပစ္စည်းများကို ကလေးသူငယ်များ၏ အကျိုးစီးပွားအတွက် ထိရောက်စွာအသုံးပြုစေရေး တို့အတွက် လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊

(စ) ကလေးသူငယ်မှုခင်းများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်နိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ဆ) ကလေးသူငယ်များအပေါ်ကျူးလွန်သော ပြစ်မှုများနှင့် စပ်လျဉ်း၍ ထိရောက်သော ပြစ်ဒဏ် သတ်မှတ်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) လိုအပ်သောအစီရင်ခံစာများ၊ စာရင်းဇယားများကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများထံမှ တောင်းခံရယူစုစည်းခြင်း၊

(ဈ) ပြည်နယ်၊ တိုင်း၊ ခရိုင် သို့မဟုတ် မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီများကို လိုအပ်သလိုဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ ကူညီ ပံ့ပိုးခြင်း၊

(ည) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကွန်ဗင်းရှင်းနှင့်အညီ ကလေးသူငယ်၏အခွင့်အရေးများ ရရှိစေရန်အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ အစီရင်ခံစာတင်ပြစေရန် သက်ဆိုင်သည့် ဆပ်ကော်မတီအား တာဝန်ပေးအပ်ခြင်း၊

(ဋ) ကော်မတီ၏ ဆောင်ရွက်ချက်များကို အခါအားလျော်စွာ အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(ဌ) အစိုးရအဖွဲ့ကအခါအားလျော်စွာပေးအပ်သည့် ကလေးသူငယ်ဆိုင်ရာလုပ်ငန်း တာဝန်များကို ဆောင်ရွက်ခြင်း။

၄။ ကော်မတီအစည်းအဝေးကျင်းပခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင် ရွက်ရမည်-

(က) ကော်မတီ၏ ပုံမှန်အစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံး ၂ ကြိမ်ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေးကို အခါအားလျော်စွာ ကျင်းပနိုင်သည်။

(ခ) ကော်မတီအတွင်းရေးမှူးသည် အစည်းအဝေးအစီအစဉ်ကို ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ရေးဆွဲ ရမည်။

(ဂ) အစည်းအဝေးတွင် ကိစ္စတစ်ရပ်ကို ဆုံးဖြတ်ရန်ရှိပါက အများသဘောတူညီချက်ဖြင့်ဆုံးဖြတ်ရမည်။

(ဃ) ကော်မတီအတွင်းရေးမှူးသည် အစည်းအဝေးမှတ်တမ်းကို ကော်မတီဝင်များအား ဖြန့်ဝေရမည့် အပြင် ဝန်ကြီးဌာနသို့လည်းပေးပို့ရမည်။



Myanmar Law Information System (MLIS)

(င) ကော်မတီဝင်တစ်ဦးဦးသည် အစည်းအဝေးမှတ်တမ်းကို ပြင်ဆင်သင့်ကြောင်း တွေ့ရှိပါက ကော်မတီအတွင်းရေးမှူးထံသို့ စာဖြင့်အမြန်ဆုံးတင်ပြရမည်။

## အခန်း (၃)

## လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီများဖွဲ့စည်းခြင်း

၅။ (က) ကော်မတီသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သင့်လျော်သောကော်မတီဝင်များပါဝင်စေလျက် ကလေးသူငယ်အခွင့်အရေးများဆိုင် ရာလုပ်ငန်းကော်မတီကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

(ခ) လုပ်ငန်းကော်မတီသည် သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အောက်ပါဆပ်ကော်မတီများကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်-

(၁) ဥပဒေရေးရာဆပ်ကော်မတီ၊

(၂) ကျန်းမာရေးဆပ်ကော်မတီ၊

(၃) ပညာရေးဆပ်ကော်မတီ၊

(၄) ကာကွယ်စောင့်ရှောက်ရေးဆပ်ကော်မတီ၊

(၅) ပြန်ကြားရေးဆပ်ကော်မတီ၊

(၆) အသိပညာပေးရေးဆပ်ကော်မတီ၊

(၇) ရန်ပုံငွေရှာဖွေရေးနှင့် ဘဏ္ဍာရေးဆပ်ကော်မတီ၊

(၈) အားကစားဆပ်ကော်မတီ၊

(၉) စောင့်ကြည့်အကဲဖြတ်၊ စိစစ်ရေးဆပ်ကော်မတီ၊

(၁၀) အခြားလိုအပ်သောဆပ်ကော်မတီများ။

## အခန်း (၄)

## ပြည်နယ်၊ တိုင်းကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီများဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၆။ ကော်မတီသည်-

(က) ဥပဒေပါပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာပြည်နယ်၊ တိုင်းအတွင်း ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်နယ်၊ တိုင်းကလေး သူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁) ပြည်နယ်၊ တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌက တာဝန်ပေးအပ်သည့်ပြည်နယ်၊ ဥက္ကဋ္ဌ

တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကော်စီအဖွဲ့ဝင်တစ်ဦး

(၂) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၃) အစိုးရမဟုတ်သောသက်ဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၄) ကလေးသူငယ်အခွင့်အရေးကို စိတ်ပါဝင်စားသည့် စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်များ — အဖွဲ့ဝင်များ

(၅) ပြည်နယ်၊ တိုင်း လူမှုဝန်ထမ်းအရာရှိ — အတွင်းရေးမှူး

(ခ) နည်းဥပဒေခွဲ (က)အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးနိုင်သည်။

(ဂ) ပြည်နယ်၊ တိုင်းကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီကို လိုအပ်သလိုပြင်ဆင်ဖွဲ့စည်း နိုင်သည်။

၇။ ပြည်နယ်၊ တိုင်းကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက် ပါအတိုင်းဖြစ်သည်-

(က) ကလေးသူငယ်၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်း၊ အကောင်အထည်ဖော်ဆောင် ရွက်ခြင်း၊

(ခ) သက်ဆိုင်ရာပြည်နယ်၊ တိုင်းအဆင့်အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) ကလေးသူငယ်နှင့် ပတ်သက်သည့် ပြည်နယ်၊ တိုင်းအဆင့်အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သောအဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များကို လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ တိုးတက်မှုအခြေအနေကို လုပ်ငန်းကော်မတီသို့ အခါအားလျော်စွာတင်ပြခြင်း၊

(ဃ) ကလေးသူငယ်မှုခင်းများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ပြည်နယ်၊ တိုင်း အတွင်း လုပ်ငန်းအစီအစဉ်များချမှတ်ဆောင်ရွက်ခြင်း၊

(င) ကလေးသူငယ်၏ အကျိုးအတွက် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်းပုဂ္ဂိုလ် များ၏ အကူအညီရယူ၍ ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ပြည်တွင်း ပြည်ပစေတနာရှင်များထံမှ လှူဒါန်းငွေများ၊ ပစ္စည်းများ လက်ခံရယူခြင်းနှင့် ယင်းလှူ ဒါန်းငွေများ၊ ပစ္စည်းများကို ကလေးသူငယ်များ၏ အကျိုးစီးပွားအတွက် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ထိရောက်စွာအသုံးပြုခြင်း၊ ကြီးကြပ်လမ်းညွှန်ခြင်း၊ စာရင်းများထိန်းသိမ်း ပြုစုခြင်း၊

(ဆ) လိုအပ်သောအစီရင်ခံစာများ၊ စာရင်းဇယားများကို သက်ဆိုင်ရာပြည်နယ်၊ တိုင်းအဆင့်အစိုးရ ဌာန၊ အဖွဲ့အစည်းများထံမှ တောင်းခံရယူခြင်း၊

(ဇ) လုပ်ငန်းဆောင်ရွက်ချက်များကို လုပ်ငန်းကော်မတီသို့ သတ်မှတ်ထားသည့်အတိုင်း အစီရင်ခံတင်ပြ ခြင်း၊

(ဈ) ကော်မတီက အခါအားလျော်စွာပေးအပ်သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အခြား လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

Myanmar Law Information System (MLIS)

## အခန်း (၅)

## ခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီများဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၈။ ကော်မတီသည်-

(က)ဥပဒေပါပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာခရိုင်အတွင်းထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးအပ် သည့် ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကော်စီအဖွဲ့ဝင်တစ်ဦး | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |
| (၃) | အစိုးရမဟုတ်သောသက်ဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |
| (၄) | ကလေးသူငယ်အခွင့်အရေးကို စိတ်ပါဝင်စားသူ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ | အဖွဲ့ဝင်များ |
| (၅) | လက်ထောက်ပြည်နယ်၊ တိုင်းလူမှုဝန်ထမ်းအရာရှိ သို့မဟုတ် ဥက္ကဋ္ဌက ရွေးချယ်တာဝန်ပေးအပ်သူ | အတွင်းရေးမှူး |

(ခ) နည်းဥပဒေခွဲ (က)အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးနိုင်သည်။

(ဂ) ခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီကို လိုအပ်သလိုပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၉။ ခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကလေးသူငယ်၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်း၊ အကောင်အထည်ဖော်ဆောင် ရွက်ခြင်း၊

(ခ) သက်ဆိုင်ရာခရိုင်အဆင့်အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) ကလေးသူငယ်နှင့် ပတ်သက်သည့် ခရိုင်အဆင့်အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များကို လိုအပ်သလို ပေါင်းစပ် ညှိနှိုင်းပေးခြင်း၊ တိုးတက်မှုအခြေအနေကို ပြည်နယ်၊ တိုင်းကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီသို့ အခါအားလျော်စွာတင်ပြခြင်း၊

(ဃ) ကလေးသူငယ်မှုခင်းများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ခရိုင်အတွင်း လုပ်ငန်း အစီအစဉ်များချမှတ်ဆောင်ရွက်ခြင်း၊

(င) ကလေးသူငယ်၏ အကျိုးအတွက် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်းပုဂ္ဂိုလ် များ၏ အကူအညီရယူ၍ ပူးပေါင်းဆောင်ရွက်ခြင်း၊

Myanmar Law Information System (MLIS)

(စ) ပြည်တွင်း ပြည်ပစေတနာရှင်များထံမှ လှူဒါန်းငွေများ၊ ပစ္စည်းများကို လက်ခံရယူခြင်းနှင့် ယင်းလှူဒါန်းငွေများ၊ ပစ္စည်းများကို ကလေးသူငယ်များ၏ အကျိုးစီးပွားအတွက် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ထိရောက်စွာအသုံးပြုခြင်း၊ ကြီးကြပ်လမ်းညွှန်ခြင်း၊ စာရင်းများထိန်းသိမ်း ပြုစုခြင်း၊

(ဆ) လိုအပ်သောအစီရင်ခံစာများ၊ စာရင်းဇယားများကို သက်ဆိုင်ရာခရိုင်အဆင့်အစိုးရဌာန၊ အဖွဲ့ အစည်းများထံမှ တောင်းခံရယူခြင်း၊

(ဇ) လုပ်ငန်းဆောင်ရွက်ချက်များကို သက်ဆိုင်ရာပြည်နယ်၊ တိုင်းကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာကော်မတီသို့ သတ်မှတ်ထားသည့်အတိုင်း အစီရင်ခံတင်ပြ ခြင်း၊

(ဈ) ကော်မတီက အခါအားလျော်စွာပေးအပ်သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အခြား လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၆)

## မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီများဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၁၀။ ကော်မတီသည်-

(က) ဥပဒေပါပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာမြို့နယ်အတွင်း ထိရောက်အောင်မြင်စွာ အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီကို အောက်ပါပုဂ္ဂိုလ် များဖြင့် ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |
| (၃) | အစိုးရမဟုတ်သောသက်ဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |
| (၄) | ကလေးသူငယ်အခွင့်အရေးကို စိတ်ပါဝင်စားသည့် စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်များ | အဖွဲ့ဝင်များ |
| (၅) | မြို့နယ်လူမှုဝန်ထမ်းအရာရှိ သို့မဟုတ် ဥက္ကဋ္ဌကရွေးချယ်တာဝန်ပေးအပ်သူ | အတွင်းရေးမှူး |

(ခ) နည်းဥပဒေခွဲ (က)အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးနိုင်သည်။

(ဂ) မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီကို လိုအပ်သလိုပြင်ဆင်ဖွဲ့စည်း နိုင်သည်။

(ဃ) လိုအပ်ပါက မြို့နယ်တစ်ခုအတွင်းရှိ မြို့အဖြစ်သတ်မှတ်ထားသော မြို့များတွင်လည်း ကလေးသူ ငယ်အခွင့်အရေးများဆိုင်ရာကော်မတီများကို ဖွဲ့စည်းနိုင်သည်။

Myanmar Law Information System (MLIS)

၁၁။ မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်းဖြစ်သည်-

(က) ကလေးသူငယ်၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်း၊ အကောင်အထည်ဖော်ဆောင် ရွက်ခြင်း၊

(ခ) ဥပဒေပါပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် သက်ဆိုင်ရာ မြို့နယ်အဆင့်အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) ကလေးသူငယ်နှင့် ပတ်သက်သည့် မြို့နယ်အဆင့်အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သောအဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များကို လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ တိုးတက်မှုအခြေအနေကို ခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီသို့ အခါအားလျော်စွာတင်ပြခြင်း၊

(ဃ) ကလေးသူငယ်မှုခင်းများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်အတွင်း လုပ်ငန်းအစီအစဉ်များချမှတ်ဆောင်ရွက်ခြင်း၊

(င) ကလေးသူငယ်၏ အကျိုးအတွက် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်းပုဂ္ဂိုလ် များ၏ အကူအညီရယူ၍ ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ပြည်တွင်း ပြည်ပစေတနာရှင်များထံမှ လှူဒါန်းငွေများ၊ ပစ္စည်းများ လက်ခံရယူခြင်းနှင့် ယင်းလှူ ဒါန်းငွေများ၊ ပစ္စည်းများကို ကလေးသူငယ်များ၏ အကျိုးစီးပွားအတွက် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ထိရောက်စွာအသုံးပြုခြင်း၊ စာရင်းများထိန်းသိမ်း ပြုစုခြင်း၊

(ဆ) ဥပဒေပုဒ်မ ၆၁ အရ လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးဦးကို ကလေးသူငယ်ကြီးကြပ်သူ အဖြစ်တာဝန်ပေးအပ်ထားခြင်းမရှိပါက အစိုးရဝန်ထမ်းမဟုတ်သည့် သင့်လျော်သောနိုင်ငံသားတစ်ဦး အား ကလေးသူငယ်ကြီးကြပ်သူအဖြစ်ခန့်အပ်ရန် ညွှန်ကြားရေးမှူးချုပ်သို့ အဆိုပြုတင်ပြခြင်းနှင့် ယင်း ကလေးသူငယ်ကြီးကြပ်သူ၏ လုပ်ငန်းတာဝန်များကို ပံ့ပိုးကူညီခြင်း၊ ကြီးကြပ်လမ်းညွှန်ခြင်း၊

(ဇ) လိုအပ်သောအစီရင်ခံစာများ၊ စာရင်းဇယားများကို သက်ဆိုင်ရာမြို့နယ်အဆင့်အစိုးရဌာန၊ အဖွဲ့ အစည်းများထံမှ တောင်းခံရယူခြင်း၊

(ဈ) လုပ်ငန်းဆောင်ရွက်ချက်များကို ခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီသို့ သတ်မှတ်ထားသည့်အတိုင်း အစီရင်ခံတင်ပြခြင်း၊

(ည) ကော်မတီမှ အခါအားလျော်စွာပေးအပ်သည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အခြား လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၇)

## ကလေးသူငယ်အခွင့်အရေးများကိုကာကွယ်စောင့်ရှောက်ခြင်း

၁၂။ ကလေးသူငယ်တိုင်းသည် ဥပဒေအခန်း ၅ ပါ ကလေးသူငယ်၏ အခွင့်အရေးများကို ရရှိခံစားစေ ရမည်။

Myanmar Law Information System (MLIS)

၁၃။ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသည် ကလေးသူငယ်၏ တရားဝင်ခံစားပိုင်ခွင့်ရှိသော အခွင့် အရေးများ ထိခိုက်ဆုံးရှုံးမှုမရှိစေရန် ကာကွယ်စောင့်ရှောက်ပေးရမည်။

၁၄။ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသည် ကလေးသူငယ်၏ တရားဝင်ခံစားပိုင်ခွင့်ရှိသော အခွင့် အရေးတစ်ရပ်ရပ်ဆုံးရှုံးနစ်နာကြောင်းတွေ့ရှိလျှင် ဆုံးရှုံးနစ်နာသည့် အခွင့်အရေးများ အပြည့်အဝရရှိစေ ရန် လိုအပ်သလိုဆောင်ရွက်ပေးရမည်။

၁၅။ ဝန်ကြီးဌာနသည် ကလေးသူငယ်၏ တရားဝင်ခံစားပိုင်ခွင့်ရှိသော အခွင့်အရေးတစ်ရပ်ရပ်ဆုံးရှုံး နစ်နာကြောင်းတွေ့ရှိလျှင် ယင်းအခွင့်အရေးကို တရားဝင်ခံစားပိုင်ခွင့်ရရှိစေရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၁၆။ ကလေးသူငယ်၏ တရားဝင်ခံစားပိုင်ခွင့်ရှိသော အခွင့်အရေးတစ်ရပ်ရပ် ဆုံးရှုံးနစ်နာခြင်းနှင့် စပ်လျဉ်း၍ နစ်နာသူကလေးသူငယ်ကိုယ်တိုင်ကဖြစ်စေ၊ ကလေးသူငယ်၏ ကိုယ်စား မိဘ၊ အုပ်ထိန်းသူ ကဖြစ်စေ၊ နီးစပ်ရာပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ သက်ဆိုင်ရာကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီသို့ တင်ပြနိုင်သည်။

၁၇။ နည်းဥပဒေ ၁၆ အရ တင်ပြလွှာလက်ခံရရှိသော သက်ဆိုင်ရာကလေးသူငယ်အခွင့်အရေးများဆိုင် ရာ ကော်မတီသည်-

(က) တင်ပြလွှာပါဆုံးရှုံးနစ်နာချက်နှင့်စပ်လျဉ်း၍ မှန်ကန်မှုရှိ မရှိ အမြန်စုံစမ်းစစ်ဆေးရမည်။

(ခ) လိုအပ်ပါက အဆင့်ဆင့်သောသက်ဆိုင်ရာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီအား အမြန်ဆုံးစုံစမ်းစစ်ဆေးစေ၍ သဘောထားမှတ်ချက်ဖြင့် တင်ပြရန် ညွှန်ကြားနိုင်သည်။

(ဂ) တင်ပြလွှာပါတရားဝင်ခံစားပိုင်ခွင့်ရှိသော အခွင့်အရေးတစ်ရပ်ရပ်ဆုံးရှုံးနစ်နာကြောင်းစိစစ်တွေ့ရှိ ပါက ယင်းသို့ဆုံးရှုံးနစ်နာသည့် တရားဝင်ခံစားပိုင်ခွင့်ရှိသော အခွင့်အရေးများရရှိစေရန် အမြန်ဆုံး ဆောင်ရွက်ပေးရမည်။

(ဃ) တင်ပြလာသောကိစ္စရပ်မှာ ဥပဒေပုဒ်မ ၆၅ နှင့် ၆၆ ပါ ပြစ်မှုတစ်ရပ်ရပ်နှင့်ငြိစွန်းကြောင်းစိစစ် တွေ့ရှိပါက သက်ဆိုင်ရာတရားရုံးသို့ ဦးတိုက်လျှောက်ထား၍ တရားစွဲဆိုရန် မိမိကော်မတီ၏ အတွင်း ရေးမှူး သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးအား တာဝန်ပေးအပ်ရမည်။

၁၈။ နည်းဥပဒေ ၁၇ အရ အရေးယူဆောင်ရွက်ပေးနိုင်ခြင်းမရှိလျှင် တစ်ဆင့်မြင့်ကလေး သူငယ်အခွင့် အရေးများဆိုင်ရာကော်မတီသို့ ဆက်လက်တင်ပြရမည်။

၁၉။ ကျန်းမာရေးဝန်ကြီးဌာနသည် ဥပဒေပုဒ်မ ၁၉ အရ ကလေးသူငယ်များ၏ ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများကို စီမံချက်များ၊ အစီအမံများချမှတ်ပြီး အကောင် အထည်ဖော်ဆောင်ရွက်ရမည်-

(က) ကလေးသူငယ်များအသက်ရှင်သန်ရေးအတွက်ဆောင်ရွက်ခြင်း၊

(ခ) နို့စို့အရွယ်ကလေးသူငယ်များအား မိခင်နို့ရည်တိုက်ကျွေးခြင်း၊

(ဂ) ကလေးသူငယ်များအား ကာကွယ်ဆေးထိုးခြင်း၊

(ဃ) ကလေးသူငယ်များအား အာဟာရဓာတ်ပြည့်ဝရေးဆောင်ရွက်ခြင်း၊

(င) မိခင်နှင့်ကလေးဆိုင်ရာ အာဟာရကျွေးမွေးခြင်းနှင့်ဟောပြောအကြံပေးခြင်း၊

Myanmar Law Information System (MLIS)

(စ) ကိုယ်ဝန်ဆောင်မိခင်များအား မမွေးဖွားမီ၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီး ပြုစုစောင့်ရှောက်ခြင်း၊

(ဆ) ကလေးသူငယ်များ၏ ကျန်းမာရေးနှင့်စပ်လျဉ်းသည့် အခြားလုပ်ငန်းများဆောင်ရွက်ခြင်း။

၂၀။ ကျန်းမာရေးဝန်ကြီးဌာနသည် ဥပဒေပုဒ်မ ၁၉ အရ အောက်ပါလုပ်ငန်းများကို စီမံချက် ချမှတ်၍ ဆောင်ရွက်ရမည်-

(က) မိခင်များအား သားဆက်ခြားရေးဆိုင်ရာပညာပေးခြင်း၊ ညှိနှိုင်းအကူအညီပေးခြင်း၊

(ခ) အိုင်အိုဒင်းချို့တဲ့မှုရောဂါကင်းရှင်းရေးဆောင်ရွက်ခြင်း၊

(ဂ) ကျောင်းကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဃ) မိသားစုကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(င) ခုခံအားကျဆင်းမှုရောဂါကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(စ) မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဆ) ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း။

၂၁။ ပညာရေးဝန်ကြီးဌာနသည် ဥပဒေပုဒ်မ ၂၀ အရ ကလေးသူငယ်များ၏ ပညာသင်ကြားရေးနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို စီမံချက်များ၊ အစီအစဉ်များချမှတ်ဆောင်ရွက်ရမည်-

(က) နိုင်ငံတော်ကဖွင့်လှစ်ထားသည့် အခြေခံပညာကျောင်းများတွင် ကလေးသူငယ်တိုင်းအား လူမျိုး မရွေး၊ ကျားမ မရွေး၊ ကိုးကွယ်သည့်ဘာသာ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ ဇာတိ၊ လိင်မခွဲခြားဘဲ ပညာ သင်ယူခွင့်ပြုခြင်း၊

(ခ) အခြေခံပညာမူလတန်းအဆင့်ကို အခမဲ့သင်ယူခွင့်ပြုခြင်း၊

(ဂ) ကျောင်းနေအရွယ်ကလေးသူငယ်တိုင်း မသင်မနေရမူလတန်းပညာရေးကို သင်ယူနိုင်ရန်အတွက် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) ကလေးသူငယ်များကျောင်းမှန်မှန်တက်ရေးနှင့် အချိန်မတိုင်မီ ကျောင်းထွက်နှုန်းကျဆင်းရေး အတွက် အခြေခံပညာမူလတန်းတွင် စဉ်ဆက်မပြတ်အကဲဖြတ်၍ ကုစားသင်ကြားပေးရေးစနစ်ကို အကောင်အထည်ဖော်ကျင့်သုံးဆောင်ရွက်ခြင်း၊

(င) အခြေခံပညာကျောင်းများတွင် ပြည်သူ့နီတိဘာသာရပ်ကို သင်ကြားပေးရန် စီစဉ်ဆောင်ရွက်ခြင်း၊

(စ) ကဗျာရွတ်ဆိုပွဲ၊ သီချင်းဆိုပွဲ၊ ပုံပြောပွဲ၊ စားပွဲဝိုင်းစကားပြောပွဲ၊ ကျပန်းစကားပြောပွဲနှင့် စကား ရည်လုပွဲများကို အခါအားလျော်စွာကျင်းပခြင်း၊

(ဆ) ကလေးသူငယ်များကဗျာစပ်ဆိုခြင်းနှင့် စာစီစာကုံးရေးသားခြင်းအလေ့အထများရရှိစေရန် လေ့ ကျင့်သင်ကြားပေးခြင်း၊

(ဇ) ကလေးသူငယ်များကိုယ်တိုင် ပါဝင်သီဆိုတီးမှုတ်ကခုန်နိုင်မည့် အစီအစဉ်များ ပြုလုပ်ပေးခြင်း၊

(ဈ) နိုင်ငံတော်ကဖွင့်လှစ်ထားသော ကျောင်းများတွင် အကြောင်းအမျိုးမျိုးကြောင့် တက်ရောက်ပညာ သင်ယူနိုင်ခြင်းမရှိသော ကလေးသူငယ်များအား စာတတ်မြောက်စေရန် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများတွင် ပညာသင်ကြားပေးခြင်း၊ စေတနာ့ဝန်ထမ်းများ၏ အကူအညီဖြင့် ကျောင်းပြင်ပတွင် အခြေခံပညာသင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ခြင်း၊



Myanmar Law Information System (MLIS)

(ည) ကလေးသူငယ်များအား အခြေခံပညာတတ်မြောက်စေရန် စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ၏ အကူ အညီဖြင့် သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ခြင်း။

၂၂။ ပြန်ကြားရေးဝန်ကြီးဌာနသည် ဥပဒေပုဒ်မ ၂၂ အရ ကလေးသူငယ်များ အသိပညာ ဗဟုသုတ တိုးပွားရေးနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများကို အစီအစဉ်များချမှတ်ဆောင်ရွက်ရမည်-

(က) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများရှိ စာကြည့်တိုက်များတွင် ကလေးသူငယ် စာဖတ်ခန်းများကို သီးခြားထားရှိခြင်း။

(ခ) ကလေးသူငယ်စာဖတ်ခန်းများကို သင့်လျော်သည့်အကျယ်အဝန်းရှိစေပြီး လိုအပ်သော ပရိဘောဂ များ ဖြည့်ဆည်းပေးရမည့်အပြင် ကလေးသူငယ်များအား စိတ်ချမ်းသာပျော်ရွှင်မှုပေးနိုင်သောနေရာဖြစ် စေရန်လည်း စီစဉ်ထားရှိခြင်း၊

(ဂ) ကလေးသူငယ်၏ ခန္ဓာကိုယ်အရွယ်အစားနှင့် လိုက်လျောညီထွေဖြစ်စေမည့် စာကြည့်စားပွဲ၊ ကုလားထိုင်နှင့် အခြားလိုအပ်သောပရိဘောဂပစ္စည်းများကို ဖြည့်တင်းထားရှိခြင်း၊

(ဃ) ကလေးသူငယ်များစိတ်ဝင်စားမည့် ပန်းချီကားများ၊ နံရံကပ်စာစောင်များ၊ ရုပ်ပုံကားချပ်များ၊ ဓာတ်ပုံများဖြင့် ပြင်ဆင်မွမ်းမံထားရှိခြင်း၊

(င) ကလေးသူငယ်များဖတ်ရှုလေ့လာသင့်သည့် ပြည်တွင်း၊ ပြည်ပထုတ်စာအုပ်၊ စာစောင်များကို စိစစ် ရွေးချယ်၍ စုဆောင်းထားရှိခြင်း၊

(စ) ပြည်တွင်း ပြည်ပမှ ထုတ်လွှင့်သော ရုပ်မြင်သံကြားအစီအစဉ်ပါ ကလေးသူငယ်များနှင့်သက်ဆိုင် သည့် ပုံပြင်၊ တေးကဗျာ၊ သီချင်း၊ ဇာတ်လမ်း၊ ရုပ်ရှင်၊ ကာတွန်းတို့ကို အခါအားလျော်စွာကူးယူ၍ပြသ ခြင်း၊

(ဆ) ကလေးသူငယ်များအား အသိပညာပေးဟောပြောခြင်း၊

(ဇ) ကလေးသူငယ်များနှင့်သက်ဆိုင်သည့် စာအုပ်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာစောင်များကို အခါအားလျော် စွာထုတ်ဝေဖြန့်ချိခြင်း။

၂၃။ အားကစားဝန်ကြီးဌာနသည် ဥပဒေပုဒ်မ ၂၃ အရ ကလေးသူငယ်များကျန်းမာရေးနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများကို အစီအစဉ်များချမှတ်၍ ဆောင်ရွက်ရမည်-

(က) ကလေးသူငယ်များအား အသက်အရွယ်အလိုက် သင့်လျော်သည့်အားကစား လှုပ်ရှားမှုများတွင် ပါဝင်နိုင်ရန်စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ခ) မြန်မာ့ရိုးရာအားကစားနည်းများတွင် ကလေးသူငယ်များစိတ်ပါဝင်စားစွာ ပါဝင်လှုပ်ရှားနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဂ) ကလေးသူငယ်များအတွက်လိုအပ်သည့် အားကစားနည်းပညာနှင့် အထောက်အကူပြုပစ္စည်းများ ရရှိစေရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဃ) ထူးချွန်အားကစားသမားများပေါ်ထွက်လာစေရေးအတွက် လိုအပ်သောလုပ်ငန်း အစီအစဉ်များ ချမှတ်ခြင်း။

၂၄။ မိဘ၊ အုပ်ထိန်းသူတို့သည် ကလေးမွေးဖွားချိန်၊ ကလေးအသက် ၁၀ နှစ်ပြည့်ချိန်နှင့် လူငယ်အသက် ၁၈ နှစ်ပြည့်ချိန်တို့တွင် မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စများကို မြန်မာနိုင်ငံသားဥပဒေနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

Myanmar Law Information System (MLIS)

၂၅။ ကလေးသူငယ်တိုင်းသည် ဥပဒေ့နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ဆိုင်ရာ အခွင့်အရေးများကို မြန်မာနိုင်ငံသားဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ရရှိစေရမည်။

## အခန်း (၈)

## အထူးကာကွယ်စောင့်ရှောက်မှုလိုအပ်သောကလေးသူငယ်များကိုကာကွယ်စောင့်ရှောက်ခြင်း

၂၆။ မည်သူမဆို အောက်ဖော်ပြပါ အထူးကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ် တစ်ဦးဦး ကို နိုင်ငံတော်ကကာကွယ်စောင့်ရှောက်မှုပြုသင့်သည်ဟု ထင်မြင်ယူဆလျှင် သက်ဆိုင်ရာ လူမှုဝန်ထမ်း အရာရှိထံ ကလေးသူငယ်အား တစ်ပါတည်းပို့အပ်၍ဖြစ်စေ၊ ကလေးသူငယ်အား တစ်ပါတည်းပို့အပ် ခြင်းမပြုဘဲ အကျိုးအကြောင်းဖော်ပြ၍ဖြစ်စေ အကြောင်းကြားနိုင်သည်-

(က) မိဘ သို့မဟုတ် အုပ်ထိန်းသူမရှိသောသူ၊

(ခ) မိဘ သို့မဟုတ် အုပ်ထိန်းသူက ထိန်းသိမ်း၍မရနိုင်လောက်အောင်ဆိုးသွမ်းသူ၊

(ဂ) ရက်စက်သော သို့မဟုတ် ယုတ်မာသောမိဘ၊ အုပ်ထိန်းသူ၏ ထိန်းသိမ်းမှု အောက်တွင်ရှိသူ၊

(ဃ) စိတ်ပေါ့သွပ်သူ၊

(င) ကူးစက်တတ်သောရောဂါစွဲကပ်နေသူ၊

(စ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးသုံးစွဲသူ၊

(ဆ) တောင်းရမ်းစားသောက်သူ၊

(ဇ) မိဘ သို့မဟုတ် အုပ်ထိန်းသူက လျစ်လျူရှုပစ်ပယ်ထားခြင်းခံရသူ၊

(ဈ) တစ်ဦးတစ်ယောက်၏ ကိုယ်ကျိုးရှာအမြတ်ထုတ်ခြင်းခံရသူ၊

(ည) ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် လွဲမှားစွာအသုံးချခြင်းခံရသူ၊

(ဋ) နည်းဥပဒေခွဲ (က) မှ နည်းဥပဒေခွဲ (ည) အထိမှအပ လူမှုဝန်ထမ်းဦးစီးဌာနက လိုအပ်ချက်အရ သတ်မှတ်သူ။

၂၇။ ကလေးသူငယ်အားတစ်ပါတည်းပို့အပ်ခြင်းမပြုဘဲ ကျိုးကြောင်းဖော်ပြလျက် အကြောင်းကြားခြင်း ဖြစ်ပါက လူမှုဝန်ထမ်းအရာရှိသည် သက်ဆိုင်ရာကလေးသူငယ်အား မိမိရှေ့သို့ တင်ပို့စေရန် မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် ရဲအရာရှိထံ **ပုံစံ (၁)** ဖြင့် အကြောင်းကြားရမည်။

၂၈။ လူမှုဝန်ထမ်းအရာရှိသည် ကလေးသူငယ်အား နိုင်ငံတော်က အထူးကာကွယ်စောင့်ရှောက်မှုပြုရန် လိုအပ် ခြင်း ရှိ မရှိ စိစစ်ဆုံးဖြတ်ခြင်းမပြုမီ ရှေးဦးစွာ ကလေးသူငယ်၏ မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် ရဲအရာ ရှိထံမှ ကလေးသူငယ်၏ အသက်၊ ကျန်းမာရေးတို့နှင့် စပ်ဆိုင်သော အထောက်အထားများကို တောင်းခံ ရယူရမည်။

၂၉။ ကလေးသူငယ်၏ မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် ရဲအရာရှိသည် ကလေးသူငယ်၏ အသက်နှင့်စပ် ဆိုင်သည့် အောက်ပါအထောက်အထားတစ်ခုခုကို လူမှုဝန်ထမ်းအရာရှိထံ တင်ပြရမည်-

(က) မွေးစာရင်း၊

(ခ) ကျောင်းဝင်မှတ်ပုံတင်စာရင်း ကောက်နုတ်ချက်မိတ္တူမှန်၊



Myanmar Law Information System (MLIS)

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်၊

(ဃ) ကျန်းမာရေးဦးစီးဌာန ဆရာဝန်၏ဆေးစာ၊

(င) သန်းခေါင်စာရင်းမိတ္တူမှန်၊

(စ) နည်းဥပဒေခွဲ (က) မှ (င) အထိ သတ်မှတ်ထားသော အထောက်အထားများမရလျှင် အခြားခိုင်လုံသောအထောက်အထားများ။

၃၀။ လူမှုဝန်ထမ်းအရာရှိသည် နည်းဥပဒေ ၂၉ အရ တင်ပြလာသော အထောက်အထားအပေါ်အခြေပြု ၍ ကလေးသူငယ်ဖြစ်မဖြစ် ဆုံးဖြတ်ရမည်။ ကလေးသူငယ်ဖြစ်ကြောင်းဆုံးဖြတ်ပြီးမှသာ အမှုတွဲအား ဆက်လက်အရေးယူဆောင်ရွက်ရမည်။

၃၁။ နည်းဥပဒေ ၂၉ တွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ကလေးသူငယ်ဖြစ်ကြောင်း မျက်မြင်အနေ အထားအရ သိသာထင်ရှားနေပါက လူမှုဝန်ထမ်းအရာရှိသည် ကလေးသူငယ်အသက်နှင့်စပ်ဆိုင်သော အထောက်အထားများကို တောင်းခံရယူခြင်းမပြုဘဲ ကလေးသူငယ်ဖြစ်ကြောင်းဆုံးဖြတ်နိုင်သည်။

၃၂။ လူမှုဝန်ထမ်းအရာရှိသည် နည်းဥပဒေ ၂၆ အရ လာရောက်ပို့အပ်သော သို့မဟုတ် အကြောင်းကြား ခြင်းခံရသော ကလေးသူငယ်နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များအတွက် ကလေးသူငယ်၏မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် ရဲအရာရှိအား သက်ဆိုင်ရာဆေးရုံ သို့မဟုတ် ဆရာဝန်ထံမှ ကလေးသူငယ်၏ ကျန်းမာရေးနှင့် စပ်လျဉ်းသော ဆေးစာအထောက်အထားကို ရယူတင်ပြပေးရန် **ပုံစံ (၂)** ဖြင့် ညွှန်ကြား နိုင်သည်-

(က) စိတ်ပေါ့သွပ်ခြင်း၊

(ခ) ကူးစက်တတ်သောရောဂါစွဲကပ်ခြင်း၊

(ဂ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးသုံးစွဲခြင်း။

၃၃။ (က) လူမှုဝန်ထမ်းအရာရှိသည် ကလေးသူငယ်၏အသက်၊ ကျန်းမာရေးတို့နှင့် စပ်လျဉ်းသည့် အထောက်အထားများကိုစိစစ်ပြီး ကလေးသူငယ်အား စုံစမ်းစစ်ဆေးနိုင်ရန် ကလေးသူငယ်ကြီးကြပ်သူ အား တာဝန်ပေးအပ်ရမည်။

(ခ) ကလေးသူငယ်ကြီးကြပ်သူသည် ကလေးသူငယ်အား စုံစမ်းစစ်ဆေးပြီး တွေ့ရှိချက်အစီရင်ခံစာကို **ပုံစံ(၃)** ဖြင့် လူမှုဝန်ထမ်းအရာရှိထံ တင်ပြရမည်။

၃၄။ လူမှုဝန်ထမ်းအရာရှိသည် နည်းဥပဒေ ၃၃၊ နည်းဥပဒေခွဲ (ခ) အရ တင်ပြလာသော **ပုံစံ(၃)** လက်ခံ ရရှိသည့်အခါ ကလေးသူငယ်အားနိုင်ငံတော်က အထူးကာကွယ်စောင့်ရှောက်မှုပြုရန် လိုအပ်ခြင်းရှိ မရှိ ဆက်လက်စုံစမ်းစစ်ဆေးရမည်။ ယင်းကဲ့သို့ စုံစမ်းစစ်ဆေးရာတွင်-

(က) လိုအပ်သောသက်သေများကို **ပုံစံ(၄)**ဖြင့် ဆင့်ခေါ်ပြီး မိမိကိုယ်တိုင် စစ်ဆေးနိုင်သည်။

(ခ) လိုအပ်ပါက မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် ကလေးသူငယ်အား ကိုယ်တိုင်လာရောက်ရှင်းလင်းတင် ပြရန် **ပုံစံ (၄)** ဖြင့် အကြောင်းကြားပြီးစစ်ဆေးနိုင်သည်။

၃၅။ လူမှုဝန်ထမ်းအရာရှိသည် နည်းဥပဒေ ၃၄ အရ စုံစမ်းစစ်ဆေးပြီး ကလေးသူငယ်အား နိုင်ငံတော်က အထူးကာကွယ်စောင့်ရှောက်မှုပြုရန်လိုအပ်ခြင်းရှိ မရှိနှင့်စပ်လျဉ်း၍ မိမိ၏ သဘောထားမှတ်ချက်ကို **ပုံစံ (၃)** တွင်

Myanmar Law Information System (MLIS)

ဖြည့်စွက်ရေးသားပြီး ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က တာဝန်လွှဲ အပ်ထားသူထံ ဆက်လက်တင်ပြရမည်။

၃၆။ လူမှုဝန်ထမ်းအရာရှိသည် ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်မရရှိမီ-

(က) ကလေးသူငယ်အား မိဘ၊ အုပ်ထိန်းသူထံ ခံဝန်ချုပ်ဖြင့် ပြန်လည်အပ်နှံထားလိုပါက ကတိဝန်ခံ ချက် **ပုံစံ (၅)** ကို အသုံးပြုဆောင်ရွက်ရမည်။

(ခ) ကလေးသူငယ်အား ယာယီစောင့်ရှောက်ရေးစခန်းသို့ ပို့အပ်ထားလိုပါက **ပုံစံ (၆)** ဖြင့် ယာယီစောင့်ရှောက်ရေးစခန်းတာဝန်ခံထံ အကြောင်းကြားရမည်။

၃၇။ ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေ ၃၅ အရ လူမှုဝန်ထမ်းအရာရှိက တင်ပြလာသော အစီရင်ခံ စာ **ပုံစံ (၃)** လက်ခံရရှိသည့်အခါ စိစစ်ပြီး အောက်ပါအစီအစဉ်တစ်ရပ်ရပ်ကို ချမှတ်ဆောင်ရွက်ရမည်-

(က) အကျင့်စာရိတ္တပြုပြင်ပေးရန်လိုအပ်နေသော ကလေးသူငယ်နှင့် လူငယ်များအားအများဆုံးအသက် ၁၈ နှစ်ပြည့်သည်အထိ သင်တန်းကျောင်းတစ်ခုခုတွင် စောင့်ရှောက်မှုခံယူရန် **ပုံစံ (၇)** ဖြင့် လူမှုဝန်ထမ်း အရာရှိထံညွှန်ကြားခြင်း၊

(ခ) ထိန်းသိမ်းစောင့်ရှောက်မှုပေးရန်လိုအပ်နေသော ကလေးသူငယ်နှင့် လူငယ်များအား အများဆုံး အသက် ၁၈ နှစ်ပြည့်သည်အထိ ဂေဟာ သို့မဟုတ် စောင့်ရှောက်သူထံအပ်နှံရန် **ပုံစံ (၇)** ဖြင့် လူမှု ဝန်ထမ်းအရာရှိထံညွှန်ကြားခြင်း၊

(ဂ) ကြီးကြပ်စီမံမှုခံယူရန်လိုအပ်နေသောကလေးသူငယ်အား သုံးနှစ်ထက်မပိုသော ကာလအထိ သက်ဆိုင်ရာ ကလေးသူငယ်ကြီးကြပ်သူ၏ ကြီးကြပ်စီမံမှုခံယူစေရန် **ပုံစံ (၇)** ဖြင့် လူမှုဝန်ထမ်းအရာရှိ ထံညွှန်ကြားခြင်း၊

(ဃ) စိတ်ပေါ့သွပ်နေသောကလေးသူငယ်အား စိတ်ရောဂါအထူးကုဆေးရုံတွင် ဆေးဝါးကုသမှုခံယူစေ ရန် **ပုံစံ (၈)** ဖြင့် လူမှုဝန်ထမ်းအရာရှိထံညွှန်ကြားခြင်း၊ စိတ်ရောဂါအထူးကုဆေးရုံမှ စိတ်ပေါ့သွပ်နေ သောကလေးသူငယ်အား လိုအပ်သည့်ဆေးဝါးကုသမှုခံယူပြီးလျှင် ဆက်လက်စောင့်ရှောက်မှုအစီအစဉ် ကို စီစဉ်ဆောင်ရွက်ပေးခြင်း၊

(င) ကူးစက်ရောဂါစွဲကပ်နေသောကလေးသူငယ်အား ဆေးဝါးကုသမှုခံယူစေရန် **ပုံစံ (၈)** ဖြင့် လူမှုဝန် ထမ်းအရာရှိထံညွှန်ကြားခြင်း၊ သက်ဆိုင်ရာဆေးရုံတွင် လိုအပ်သည့်ဆေးဝါးကုသမှုခံယူပြီးလျှင် ဆက် လက်စောင့်ရှောက်မှုအစီအစဉ်ကို စီစဉ်ဆောင်ရွက်ပေးခြင်း၊

(စ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးသုံးစွဲသူ ကလေးသူငယ်အား ဆေးဝါးကုသမှုခံယူစေရန် ပုံစံ (၈) ဖြင့် လူမှုဝန်ထမ်းအရာရှိထံညွှန်ကြားခြင်း၊ မူးယစ်ဆေးစွဲရောဂါ ကုဆေးရုံတွင်လိုအပ်သည့် ဆေးဝါးကုသမှုခံယူပြီးလျှင် ဆက်လက်စောင့်ရှောက်မှု အစီအစဉ်ကိုစီစဉ် ဆောင်ရွက်ပေးခြင်း။

၃၈။ ညွှန်ကြားရေးမှူးချုပ်သည်-

(က) ကလေးသူငယ်အား မိဘ၊ အုပ်ထိန်းသူတို့၏ ထိန်းသိမ်းစောင့်ရှောက်မှုကို ခံယူရန်လိုအပ်ကြောင်း စိစစ်တွေ့ရှိလျှင် ကလေးသူငယ်အား ကောင်းမွန်စွာ စောင့်ရှောက်ခြင်းနှင့် အုပ်ထိန်းခြင်းပြုပါမည်ဟူ သော ခံဝန်ချုပ်ကို မိဘ၊

Myanmar Law Information System (MLIS)

အုပ်ထိန်းသူအား ချုပ်ဆိုစေပြီး ကလေးသူငယ်အား ပြန်လည်အပ်နှံရန် **ပုံစံ (၉)** ဖြင့် သက်ဆိုင်ရာလူမှုဝန်ထမ်းအရာရှိထံ ညွှန်ကြားရမည်။

(ခ) ဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ဂ) အရ ချမှတ်သော အစီအစဉ်ကို အနည်းဆုံး ၁ နှစ်ပြည့်သည်အထိလိုက်နာပြီး အကျင့်စာရိတ္တတိုးတက်ကောင်းမွန်လာသည့်ကလေးသူငယ်အား မိဘ၊ အုပ်ထိန်းသူထံခံဝန်ချုပ်ဖြင့်ဖြစ်စေ၊ ခံဝန်ချုပ်မပါဘဲဖြစ်စေ ပြန်လည်အပ်နှံရန် **ပုံစံ (၁၀)** ဖြင့် သက်ဆိုင်ရာလူမှုဝန်ထမ်းအရာရှိထံ ညွှန်ကြားရမည်။

၃၉။ ညွှန်ကြားရေးမှူးချုပ်သည် သင်တန်းကျောင်းတွင်အနည်းဆုံး ၁ နှစ်ပြည့်သည်အထိ ထိန်းသိမ်းစောင့်ရှောက်မှုခံယူပြီးသော ကလေးသူငယ်အား အကျင့်စာရိတ္တ တိုးတက်ကောင်းမွန်ခြင်းရှိ မရှိနှင့် သင်တန်းကျောင်းတွင်ချမှတ်ထားသောစည်းကမ်းများ လိုက်နာခြင်းရှိ မရှိကိုစိစစ်ရန် သင်တန်းကျောင်း အုပ်၊ ဒုတိယကျောင်းအုပ်နှင့် အဆောင်မှူးတို့ပါဝင်စေလျက် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ကို ဖွဲ့စည်း တာဝန်ပေးရမည်။

၄၀။ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့သည်-

(က) ကလေးသူငယ်အား အကျင့်စာရိတ္တ တိုးတက်ကောင်းမွန်ခြင်းရှိ မရှိနှင့် စည်းကမ်းများလိုက်နာ ခြင်း ရှိ မရှိကို **ပုံစံ (၁၁)** ဖြင့် ဆောင်ရွက်ရမည်။

(ခ) လိုအပ်ပါက ကလေးသူငယ်၏ မိဘ၊ အုပ်ထိန်းသူတို့၏ အခြေအနေကို စုံစမ်းမေးမြန်းနိုင်သည်။

၄၁။ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့သည် စုံစမ်းစိစစ်တွေ့ရှိချက်အရ ကလေးသူငယ်အား အောက်ပါအခွင့် အရေးတစ်ရပ်ရပ်ကို စီစဉ်ဆောင်ရွက်ပေးနိုင်သည်-

(က) ဂေဟာ သို့မဟုတ် စောင့်ရှောက်သူ၏ ကြီးကြပ်စီမံမှုအောက်တွင် နေထိုင်ရန်အတွက် သင်တန်းကျောင်းမှယာယီအစီအစဉ်အရ **ပုံစံ (၁၂)** ဖြင့် ထွက်ခွာခွင့်ပြုခြင်း၊

(ခ) အသည်းအသန်မကျန်းမမာဖြစ်နေသော မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် ဆွေမျိုးအရင်းအချာထံ သွားရောက်တွေ့ဆုံနိုင်ရန် လိုအပ်သည့်ခွင့်ကာလ သတ်မှတ်ဖော်ပြပြီး **ပုံစံ (၁၃)** ဖြင့် သင်တန်းကျောင်းမှ အရေးပေါ်ထွက်ခွာခွင့်ပြုခြင်း၊

(ဂ) မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် ဆွေမျိုးအရင်းအချာများက ခိုင်လုံသော အကြောင်းပြချက်ဖြင့် ခွင့် တောင်းခံပါက ခွင့်ပြုလက်မှတ် **ပုံစံ (၁၄)** ဖြင့် သင်တန်းကျောင်းမှ ထွက်ခွာနေထိုင်ခွင့်ပြုခြင်း၊

(ဃ) ရပ်ရွာဒေသအတွင်း သင့်လျော်သူတစ်ဦး၏ ကြီးကြပ်စီမံမှုအောက်တွင်နေထိုင်ရန်အတွက် ပုံစံ (၁၅) ဖြင့် သင်တန်းကျောင်းပြင်ပတွင် နေထိုင်ခွင့်ပြုခြင်း။

၄၂။ ညွှန်ကြားရေးမှူးချုပ်သည် ဥပဒေပုဒ်မ ၅၃၊ ပုဒ်မခွဲ (ဃ) အရ ကလေးသူငယ်ကို ထိန်းသိမ်းစောင့် ရှောက်ရန် အကျဉ်းထောင်တာဝန်ခံအရာရှိက အကြောင်းကြားလာသည့်အခါ စုံစမ်းစစ်ဆေး၍-

(က) ကလေးသူငယ်၏ ဆွေမျိုးသားချင်းရှိပါက ဆွေမျိုးသားချင်းများထံ အပ်နှံနိုင်ရေးအတွက် စီစဉ် ဆောင်ရွက်ပေးရမည်။

Myanmar Law Information System (MLIS)

(ခ) ကလေးသူငယ်၏ ဆွေမျိုးသားချင်းမရှိပါက သင့်လျော်သည့်သင်တန်းကျောင်းတွင် အပ်နှံနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်ပေးရမည်။

(ဂ) ကလေးသူငယ်အား စောင့်ရှောက်မည့်သူရှိပါက စောင့်ရှောက်မည့်သူထံ အပ်နှံနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရမည်။

၄၃။ ညွှန်ကြားရေးမှူးချုပ်က ဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) အရ သင်တန်းကျောင်းအဖြစ် အသိအမှတ် ပြုထားသော အစိုးရမဟုတ်သော အဖွဲ့အစည်း သို့မဟုတ် စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်၏ ဂေဟာသည်-

(က) ကာကွယ်စောင့်ရှောက်မှုလိုအပ်သောကလေးသူငယ်ကို စနစ်တကျလက်ခံ ပြုစုစောင့်ရှောက်ရမည်။

(ခ) ကလေးသူငယ်၏ အကျိုးအတွက်အကောင်းဆုံးဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့ အစည်း၏ လမ်းညွှန်ကြီးကြပ်မှုကို ခံယူရမည်။

၄၄။ ညွှန်ကြားရေးမှူးချုပ်က ဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (ခ) အရ ယာယီစောင့်ရှောက်ရေးစခန်းအဖြစ် အသိအမှတ်ပြုထားသော အစိုးရမဟုတ်သောအဖွဲ့အစည်း သို့မဟုတ် စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်၏ ဂေဟာ သည်-

(က) ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခံရသော ကလေးသူငယ်ကို အမှုစစ်ဆေးစဉ်ကာလအတွင်း စနစ်တကျကာကွယ်စောင့်ရှောက်ရမည်။

(ခ) ကလေးသူငယ်၏ အကျိုးအတွက်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာပြည်နယ်၊ တိုင်း၊ ခရိုင် သို့မဟုတ် မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ၏ လမ်းညွှန်ကြီးကြပ်မှုကို ခံရယူရမည်။

## အခန်း (၉)

## နေ့ကလေးထိန်းကျောင်းများနှင့်မူလတန်းကြိုကျောင်းများတည်ထောင်ဖွင့်လှစ်ခြင်း

၄၅။ ဒေသခံပြည်သူများ၏ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် နေ့ကလေးထိန်းကျောင်း သို့မဟုတ် မူလတန်း ကြိုကျောင်း တည်ထောင်လိုသူသည် ခွင့်ပြုမိန့်ရရှိရန် လူမှုဝန်ထမ်းဦးစီးဌာနသို့ **ပုံစံ (၁၆)** ဖြင့် လျှောက် ထားရမည်။

၄၆။ ညွှန်ကြားရေးမှူးချုပ်သည်-

(က) နည်းဥပဒေ ၄၅ အရ လျှောက်ထားသည့် လျှောက်လွှာပါအချက်များကို စိစစ်ရမည်။

(ခ) လိုအပ်ပါက လျှောက်လွှာပါအချက်များနှင့်စပ်လျဉ်း၍ လျှောက်ထားသူအား ခေါ်ယူစစ်ဆေးနိုင် သည်။

(ဂ) ဒေသခံပြည်သူများ၏ ကိုယ့်အားကိုယ်ကိုးနေ့ကလေးထိန်းကျောင်း သို့မဟုတ် မူလတန်းကြို ကျောင်း တည်ထောင်ရန် မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဃ) နည်းဥပဒေခွဲ (ဂ) အရ မှတ်ပုံတင်ခွင့်ပြုပါက သတ်မှတ်သည့် မှတ်ပုံတင်ကြေးကို ပေးသွင်းစေ၍ မှတ်ပုံတင်ပြီး ခွင့်ပြုမိန့်ကို **ပုံစံ (၁၇)** ဖြင့် လျှောက်ထားသူအား ထုတ်ပေးရမည်။

၄၇။ နည်းဥပဒေ ၄၆ အရ မှတ်ပုံတင်ထားသည့် ဒေသခံပြည်သူများ၏ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် တည်ထောင်သော နေ့ကလေးထိန်းကျောင်း သို့မဟုတ် မူလတန်းကြိုကျောင်းသည်-

(က) လူမှုဝန်ထမ်းဦးစီးဌာန၏ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ ကူညီပံ့ပိုးခြင်းကို ခံယူရ မည်။



Myanmar Law Information System (MLIS)

(ခ) ကလေးသူငယ်များ၏ အကျိုးအတွက်ဆောင်ရွက်ရာတွင် သတ်မှတ်ချက်နှင့်အညီ ကြီးကြပ်ရေး အဖွဲ့ ဖွဲ့စည်းပြီး စနစ်တကျစီမံဆောင်ရွက်ရမည်။

(ဂ) ကလေးသူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ပြည်နယ်၊ တိုင်း၊ ခရိုင် သို့မဟုတ် မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၏ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းကို ခံယူရမည်။

၄၈။ အခကြေးငွေရယူ၍ တည်ထောင်သော ပုဂ္ဂလိကနေ့ကလေးထိန်းကျောင်း သို့မဟုတ် မူလတန်းကြိုကျောင်း တည်ထောင်လိုသူသည် ခွင့်ပြုမိန့်ရရှိရန် လူမှုဝန်ထမ်းဦးစီးဌာနသို့ ပုံစံ (၁၆) ဖြင့်ပင် လျှောက် ထားရမည်။

၄၉။ ညွှန်ကြားရေးမှူးချုပ်သည်-

(က) နည်းဥပဒေ ၄၈ အရ လျှောက်ထားသည့် လျှောက်လွှာပါအချက်များကို စိစစ်ရမည်။

(ခ) လိုအပ်ပါက လျှောက်လွှာပါအချက်များနှင့်စပ်လျဉ်း၍ လျှောက်ထားသူအား ခေါ်ယူစစ်ဆေးနိုင် သည်။

(ဂ) ပုဂ္ဂလိကနေ့ကလေးထိန်းကျောင်း သို့မဟုတ် မူလတန်းကြိုကျောင်း တည်ထောင်ရန် မှတ်ပုံတင်ခွင့် ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဃ) နည်းဥပဒေခွဲ (ဂ) အရ မှတ်ပုံတင်ခွင့်ပြုပါက သတ်မှတ်သည့် မှတ်ပုံတင်ကြေးကို ပေးသွင်းစေ၍ မှတ်ပုံတင်ပြီး ခွင့်ပြုမိန့်ကို **ပုံစံ (၁၇)** ဖြင့် လျှောက်ထားသူအား ထုတ်ပေးရမည်။

၅၀။ နည်းဥပဒေ ၄၉ အရ မှတ်ပုံတင်ထားသည့် ပုဂ္ဂလိကနေ့ကလေးထိန်းကျောင်း သို့မဟုတ် မူလတန်း ကြိုကျောင်းသည်-

(က) ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်ရမည်။

(ခ) ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးမှုဆိုင်ရာ ကျွမ်းကျင်သူများဖြင့် ကလေးသူငယ်များအား ပြုစုစောင့် ရှောက်ရမည်။

(ဂ) နေရာဒေသ၊ အဆောက်အအုံ၊ အကျယ်အဝန်းနှင့်သင့်လျော်သည့် ကလေးသူငယ်ဦးရေကို လက်ခံရ မည်။

(ဃ) ဒေသအခြေအနေအရ သင့်လျော်သည့်ကျောင်းဝင်ကြေးများ ကောက်ခံရမည်။

(င) လူမှုဝန်ထမ်းဦးစီးဌာန၏ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းကို ခံယူရမည်။

(စ) လူမှုဝန်ထမ်းဦးစီးဌာန၏ ကျွမ်းကျင်မှုအကူအညီကို ရယူနိုင်သည်။

(ဆ) လူမှုဝန်ထမ်းဦးစီးဌာနက သတ်မှတ်သည့် စည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ရ မည်။

(ဇ) သတ်မှတ်သည့်စည်းကမ်းတစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ပါက ခွင့်ပြုမိန့်ပယ်ဖျက်ခြင်းခံရ မည်။

## အခန်း (၁၀)

## ဂေဟာနှင့်သီးသန့်ကျောင်းများတည်ထောင်ဖွင့်လှစ်ခြင်း

၅၁။ အစိုးရမဟုတ်သောအဖွဲ့အစည်း သို့မဟုတ် စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်သည် ကာကွယ်စောင့်ရှောက်မှု လိုအပ်သော ကလေးသူငယ်များကို မိမိအစီအစဉ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရန် ဂေဟာဖွဲ့စည်း တည် ထောင်လိုလျှင် လူမှုဝန်ထမ်းဦးစီးဌာနသို့ ခွင့်ပြုမိန့်ရရှိရန် **ပုံစံ (၁၈)** ဖြင့် လျှောက်ထားရမည်။

၅၂။ ညွှန်ကြားရေးမှူးချုပ်သည်-

(က) နည်းဥပဒေ ၅၁ အရ လျှောက်ထားသည် လျှောက်လွှာပါအချက်များကို စိစစ်ရမည်။



Myanmar Law Information System (MLIS)

(ခ) လိုအပ်ပါက လျှောက်လွှာပါအချက်များနှင့်စပ်လျဉ်း၍ လျှောက်ထားသူအား ခေါ်ယူစစ်ဆေးနိုင် သည်။

(ဂ) ဂေဟာတည်ထောင်ရန် မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဃ) နည်းဥပဒေခွဲ (ဂ) အရ မှတ်ပုံတင်ခွင့်ပြုပါက သတ်မှတ်သည့် မှတ်ပုံတင်ကြေးကို ပေးသွင်းစေ၍ မှတ်ပုံတင်ပြီး ခွင့်ပြုမိန့်ကို **ပုံစံ (၁၉)** ဖြင့် လျှောက်ထားသူအား ထုတ်ပေးရမည်။

၅၃။ မှတ်ပုံတင်ထားသည့်ဂေဟာသည်-

(က) ကလေးသူငယ်များ၏ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာသင် ကြားရေးစသည့် ကလေးသူငယ်၏ အကျိုးစီးပွားကိုသာ ဆောင်ရွက်ရမည်။

(ခ) ကလေးသူငယ်များ၏အကျိုးအတွက်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင် နှင့် မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၏ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းကို ခံယူရမည်။

(ဂ) လူမှုဝန်ထမ်းဦးစီးဌာန၏ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းကို ခံယူရမည်။

(ဃ) လူမှုဝန်ထမ်းဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ စာရင်းဇယားများ၊ မှတ်တမ်းများကို စနစ် တကျပြည့်စုံစွာ ပြုစုထားရမည်။

(င) ဝန်ကြီးဌာနနှင့်လူမှုဝန်ထမ်းဦးစီးဌာနကအခါအားလျော်စွာထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက် များကို လိုက်နာရမည်။

၅၄။ ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေ ၅၂ အရ မှတ်ပုံတင်ထားသောဂေဟာတစ်ခုခုကို ဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) အရ သင်တန်းကျောင်းအဖြစ်လည်းကောင်း၊ ပုဒ်မခွဲ (ခ) အရ ယာယီစောင့်ရှောက်ရေး စခန်းအဖြစ်လည်းကောင်း အသိအမှတ်ပြုနိုင်သည်။

၅၅။ အစိုးရမဟုတ်သော အဖွဲ့အစည်း သို့မဟုတ် စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်သည် မှတ်ပုံတင်ထားသော ဂေဟာတစ်ခုခုကို ယာယီ သို့မဟုတ် အမြဲတမ်း ရပ်ဆိုင်းလိုပါက လူမှုဝန်ထမ်းဦးစီးဌာနသို့ ကြိုတင် အကြောင်းကြားပြီး ရပ်ဆိုင်းနိုင်သည်။

၅၆။ ညွှန်ကြားရေးမှူးချုပ်သည် အမြဲတမ်းရပ်ဆိုင်းသော ဂေဟာကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်။

၅၇။ လူမှုဝန်ထမ်းဦးစီးဌာနသည် မသန်စွမ်းမှုအမျိုးအစားအလိုက် သီးသန့်ကျောင်းများတည်ထောင်နိုင် ရန်အလို့ငှာ-

(က) စိတ် သို့မဟုတ် ကိုယ်အင်္ဂါအမျိုးအစားအလိုက် ချို့ယွင်းသောကလေးသူငယ်စာရင်း ကောက်ယူ ပြုစုနိုင်ရန် လိုအပ်သော အစီအမံများရေးဆွဲဆောင်ရွက်ရမည်။

(ခ) စိတ် သို့မဟုတ် ကိုယ်အင်္ဂါချို့ယွင်းသော ကလေးသူငယ်များအတွက် မသန်စွမ်းမှုအမျိုးအစား အလိုက် လိုအပ်ပါကသီးသန့်ကျောင်းများတည်ထောင်ဖွင့်လှစ်ရန် အစီအမံများရေးဆွဲဆောင်ရွက်ရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ မသန်စွမ်းမှုအမျိုးအစားအလိုက် တည်ထောင်ထားသော သီးသန့်ကျောင်း များတွင် အခြေခံပညာ (မူလတန်းအဆင့်) သင်ကြားနိုင်ရန်နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရပ် များကို မသန်စွမ်းမှုအမျိုးအစားအလိုက်သင်ကြားပေးနိုင်ရန် အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

Myanmar Law Information System (MLIS)

၅၈။ အစိုးရမဟုတ်သောအဖွဲ့အစည်း သို့မဟုတ် စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်သည် စိတ် သို့မဟုတ် ကိုယ်အင်္ဂါ ချို့ယွင်းသော ကလေးသူငယ်များအတွက် မသန်စွမ်းမှုအမျိုးအစားအလိုက် သီးသန့်ကျောင်းများ တည်ထောင်လိုလျှင် လူမှုဝန်ထမ်းဦးစီးဌာနသို့ ခွင့်ပြုမိန့်ရရှိရန် **ပုံစံ (၂၀)** ဖြင့် လျှောက်ထားရမည်။

၅၉။ ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေ ၅၈ အရ လျှောက်ထားချက်ကို စိစစ်ပြီး မသန်စွမ်းမှု အမျိုးအစားအလိုက် သီးသန့်ကျောင်းတည်ထောင်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ တည်ထောင်ရန်ခွင့်ပြုပါက သတ်မှတ်သည့်မှတ်ပုံတင်ကြေးကို ပေးသွင်းစေ၍ မှတ်ပုံတင်ပြီး ခွင့်ပြုမိန့်ကို **ပုံစံ (၂၁)** ဖြင့် လျှောက်ထားသူအား ထုတ်ပေးရမည်။

၆၀။ ညွှန်ကြားရေးမှူးချုပ်သည် မှတ်ပုံတင်ထားသော သီးသန့်ကျောင်းများကို လမ်းညွှန်ခြင်း၊ ကြီးကြပ် ခြင်း၊ စစ်ဆေးခြင်း၊ ကျွမ်းကျင်မှုအကူအညီပေးခြင်း၊ အထောက်အပံ့ပေးခြင်းပြုနိုင်သည်။

## အခန်း (၁၁)

## ကလေးသူငယ်အားမွေးစားခြင်း

၆၁။ လူမှုဝန်ထမ်းဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်ထားသော ကလေးသူငယ်အား အမွေစားအမွေခံ သားသမီးအဖြစ် မွေးစားလိုသူသည် သတ်မှတ်ချက်များနှင့်အညီ လူမှုဝန်ထမ်းဦးစီးဌာန သို့ **ပုံစံ (၂၂)** ဖြင့် လျှောက်ထားရမည်။

၆၂။ လူမှုဝန်ထမ်းဦးစီးဌာနသည်-

(က) နည်းဥပဒေ ၆၁ အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မွေးစားသူ၏အသက်၊ ဝင်ငွေ၊ စီးပွားရေး အခြေအနေ၊ အိမ်ထောင်ရေးအခြေအနေ၊ သားသမီးရှိမှုအခြေအနေ၊ ပတ်ဝန်းကျင်အခြေအနေတို့ကို စိစစ်ရမည်။

(ခ) မိမိသတ်မှတ်ထားသည့် မွေးစားခြင်းဆိုင်ရာစည်းမျဉ်းများနှင့် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များ ကို လိုက်နာနိုင်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ဂ) ကလေးသူငယ်အား အမွေစားအမွေခံသားသမီးအဖြစ် မွေးစားခြင်းကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်း ပယ်ခြင်းပြုနိုင်သည်။

(ဃ) နည်းဥပဒေခွဲ (ဂ) အရ မွေးစားခြင်းကိုခွင့်ပြုလျှင် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သတ်မှတ် သည့် မွေးစားခြင်းဆိုင်ရာစည်းမျဉ်းများနှင့်အညီ မွေးစားခြင်း အတည်ဖြစ်စေရန် ဆောင်ရွက်ပေးရမည်။

(င) ကလေးသူငယ်၏ အကျိုးစီးပွားအတွက် ဆက်လက်ဆောင်ရွက်နိုင်မည့် အခြေအနေမရှိကြောင်းကို တစ်နည်းနည်းဖြင့် စုံစမ်းစစ်ဆေးတွေ့ရှိလျှင် အရည်အချင်းပျက်ယွင်းသည့် မွေးစားမိဘအဖြစ်သတ်မှတ် ၍ ကလေးကို ပြန်လည်ထိန်းသိမ်းရမည်။

(စ) ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဂ) ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော မွေးစားမိဘထံမှ ကလေးကို ပြန်လည်ထိန်းသိမ်းရမည်။

(ဆ) နည်းဥပဒေခွဲ (င) နှင့် (စ) အရ ပြန်လည်ထိန်းသိမ်းသောကလေးက ဥပဒေနှင့်အညီ ရထိုက်သော အမွေကို ဆုံးရှုံးခြင်းမရှိစေရေးအတွက် ဆောင်ရွက်ပေးရမည်။

၆၃။ မွေးစားမိဘသည်-

(က) လူမှုဝန်ထမ်းဦးစီးဌာနက သတ်မှတ်သည့် မွေးစားခြင်းဆိုင်ရာစည်းမျဉ်းများနှင့် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များ ကို လိုက်နာရမည်။

(ခ) မွေးစားခံကလေးသူငယ်၏အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးရမည်။

(ဂ) မွေးစားခံကလေးသူငယ်၏ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ရမည့်အပြင်တည်ဆဲဥပဒေပါအခွင့်အရေးများကိုလည်း အပြည့်အဝဆောင်ရွက်ပေး ရမည်။

(ဃ) ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဂ) ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်။

## အခန်း (၁၂)

## ကလေးသူငယ်အားပြစ်မှုဖြင့်အရေးယူခြင်း

၆၄။ ရဲအရာရှိ သို့မဟုတ် အရေးယူပိုင်ခွင့်ရှိသူသည် ပြစ်မှုကျူးလွန်သည်ဟုစွပ်စွဲခံရသော ကလေးသူငယ် အား ဖမ်းဆီးလျှင် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဖမ်းဆီးပြီးလျှင် သက်ဆိုင်ရာရဲစခန်းသို့ ချက်ချင်းပို့အပ်ရမည်။ ရဲစခန်းတွင်ရဲအရာရှိတစ်ဦး၏ ကြီးကြပ်မှုအောက်တွင်ထားရှိရမည်။

(ခ) လက်ထိပ်ခတ်ခြင်း၊ ကြိုးဖြင့်ချည်နှောင်ခြင်းမပြုရ။

(ဂ) လူကြီးတရားခံများနှင့်အတူ ရောနှော၍ထားရှိခြင်း၊ တစ်နေရာမှတစ်နေရာသို့ ရောနှော၍ ပို့ဆောင် ခြင်းမပြုရ။ မိန်းကလေးဖြစ်လျှင် အမျိုးသမီးတစ်ဦး၏ အစောင့်အရှောက်ဖြင့် ထားရှိရမည်။

(ဃ) နှိပ်စက်ညှဉ်းပန်းခြင်း၊ ခြိမ်းခြောက်ခြင်းမပြုရ။

၆၅။ ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသောကလေးသူငယ်အား ဖမ်းဆီးထားပြီး အမှုစုံစမ်းထောက်လှမ်း ခြင်းကို ဖမ်းဆီးသည့်အချိန်မှ ၂၄ နာရီအတွင်း ပြီးပြတ်အောင်ဆောင်ရွက်နိုင်ခြင်းမရှိလျှင်သော်လည်း ကောင်း၊ စွပ်စွဲချက်မှာ ခိုင်လုံသည့် အထောက်အထားများရှိလျှင်သော်လည်းကောင်း စုံစမ်းထောက်လှမ်း သည့်ရဲအရာရှိကဖြစ်စေ၊ ရဲစခန်းမှူးကဖြစ်စေ နေ့စဉ်မှတ်တမ်းမိတ္တူနှင့်အတူ အနီးဆုံးကလေးသူငယ်မှု ခင်းစစ်ဆေးစီရင်ပိုင်ခွင့်ရှိ တရားသူကြီးထံ တင်ပို့ရမည်။

၆၆။ စီရင်ပိုင်ခွင့်ရှိတရားသူကြီးသည် နည်းဥပဒေ ၆၅ အရ တင်ပို့လာသောကလေးသူငယ်ကို အမှုစုံစမ်း ဆဲကာလအတွင်း ပုံစံ (၂၃) ဖြင့် ခံဝန်ချုပ် ချုပ်ဆိုပြီးလွှတ်ထားခြင်း၊ မိဘ၊ အုပ်ထိန်းသူထံ စည်းကမ်း ချက်ဖြင့်အပ်နှံခြင်း၊ ပုံစံ (၂၄) ဖြင့် ယာယီစောင့်ရှောက်ရေးစခန်း သို့မဟုတ် အခြားသင့်လျော်သည့်နေရာ သို့ စည်းကမ်းချက်ဖြင့် အပ်နှံခြင်းပြုရမည်။ မည်သည့်အကြောင်းနှင့်မျှ ချုပ်မိန့်မပေးရ။

၆၇။ ရဲအရာရှိ သို့မဟုတ် အရေးယူပိုင်ခွင့်ရှိသူသည်-

(က) ဖမ်းဆီးထားသောကလေးသူငယ်အား ထိန်းသိမ်းထားကြောင်းကို ဖမ်းဆီးသည့် အချိန်မှ ၂၄ နာရီ အတွင်း သက်ဆိုင်ရာမိဘ၊ အုပ်ထိန်းသူထံ **ပုံစံ (၂၅)** ဖြင့် အကြောင်းကြားရမည်။

(ခ) ကလေးသူငယ်မှုခင်းများကို အမြန်ဆုံးစုံစမ်းစစ်ဆေးပြီး ကလေးသူငယ်တရားရုံးသို့ တရားစွဲတင်ပို့ ရမည်။

၆၈။ ရဲအရာရှိ သို့မဟုတ် အရေးယူပိုင်ခွင့်ရှိသူသည် ကလေးသူငယ်မှုခင်းများ တရားစွဲတင်ရာတွင် ကလေးသူငယ်၏ အသက်နှင့်စပ်လျဉ်း၍ မှန်ကန်စွာစိစစ်နိုင်ရန် အောက်ပါအထောက်အထားများအစီ အစဉ်အတိုင်း ဦးစားပေး ပူးတွဲတင်ပြရမည်-

(က) မွေးစာရင်း၊

(ခ) ကျောင်းဝင်မှတ်ပုံတင်စာရင်းကောက်နုတ်ချက်မိတ္တူမှန်၊

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်၊

(ဃ) ကျန်းမာရေးဦးစီးဌာန ဆရာဝန်၏ ဆေးစာ၊

(င) သန်းခေါင်းစာရင်းမိတ္တူမှန်၊

(စ) နည်းဥပဒေခွဲ (က) မှ (င) အထိ သတ်မှတ်ထားသောအထောက်အထားများမရလျှင် အခြားခိုင်လုံ သော အထောက်အထားများ။

၆၉။ ရဲအရာရှိ သို့မဟုတ် အရေးယူပိုင်ခွင့်ရှိသူသည်-

(က) သင်တန်းကျောင်း၊ ဂေဟာ၊ ယာယီစောင့်ရှောက်ရေးစခန်း သို့မဟုတ် စောင့်ရှောက်သူထံမှ ထွက် ပြေးသည့်ကလေးသူငယ်ကို ဖမ်းဆီးရမိလျှင် သက်ဆိုင်ရာ သင်တန်းကျောင်းအုပ်၊ ဂေဟာမှူး၊ ယာယီ စောင့်ရှောက်ရေးစခန်းတာဝန်ခံ သို့မဟုတ် စောင့်ရှောက်သူထံ **ပုံစံ (၂၆)** ဖြင့် ပြန်လည်အပ်နှံရမည်။

(ခ) ဖမ်းဆီးရမိသည့်ကလေးသူငယ်ကို သင်တန်းကျောင်း၊ ဂေဟာ၊ ယာယီစောင့်ရှောက်ရေးစခန်း သို့ မဟုတ် စောင့်ရှောက်သူထံ ပြန်လည်မအပ်နှံမီကာလအတွင်းအခြားသင့်လျော်မည့်နေရာ၌ ထိန်းသိမ်း ထားနိုင်သည်။

(ဂ) ဖမ်းဆီးရမိသည့်ကလေးသူငယ်မှာ မိန်းကလေးဖြစ်လျှင် အမျိုးသမီးတစ်ဦး၏ အစောင့်အရှောက် ဖြင့် ထိန်းသိမ်းထားရမည်။

၇၀။ ရဲအရာရှိ သို့မဟုတ် အရေးယူပိုင်ခွင့်ရှိသူသည်-

(က) ကလေးသူငယ်နှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်တစ်စုံတစ်ရာ ကျရောက်ရန် အကြောင်းရှိကြောင်း သိရှိလျှင် အဆိုပါကလေးသူငယ်အား ကာကွယ်စောင့်ရှောက်နိုင်ရန်အလို့ငှာ **ပုံစံ (၂၇)** ဖြင့် ၂၄ နာရီ အတွင်း သက်ဆိုင်ရာ ကလေးသူငယ်တရားရုံးသို့ တင်ပို့ရမည်။

(ခ) ကလေးသူငယ်အား သက်ဆိုင်ရာကလေးသူငယ်တရားရုံးသို့ နည်းဥပဒေခွဲ (က) အရ တင်ပို့ခြင်း မပြုနိုင်မီ ယာယီစောင့်ရှောက်ရေးစခန်း သို့မဟုတ် အခြားသင့်လျော်သည့်နေရာသို့ ပို့အပ်ထားရမည်။

(ဂ) နည်းဥပဒေခွဲ (က) နှင့် နည်းဥပဒေခွဲ (ခ) အရ ဆောင်ရွက်ထားရှိချက်ကို သက်ဆိုင်ရာလူမှုဝန်ထမ်း ဦးစီးဌာနသို့ အချိန်မီတင်ပြရမည်။

Myanmar Law Information System (MLIS)

၇၁။ ရဲအရာရှိ သို့မဟုတ် အရေးယူပိုင်ခွင့်ရှိသူသည် ဥပဒေပုဒ်မ ၅၁၊ ပုဒ်မခွဲ (က) အရ ကလေးသူငယ် တရားရုံးက ကလေးသူငယ်တစ်ဦးဦးဘေးအန္တရာယ်ကျရောက်ရန် အကြောင်းရှိသည်ဟုယုံကြည်၍ တရားရုံးသို့တင်ပို့ရန်နှင့် ယင်းသို့မတင်ပို့နိုင်မီ ယာယီစောင့်ရှောက်ရေးစခန်းသို့ ပို့အပ်ထားရန် ဆင့်ဆို သည့်အခါတွင်သော်လည်းကောင်း၊ ဥပဒေပုဒ်မ ၅၁၊ ပုဒ်မခွဲ (ဂ) အရ ကလေးသူငယ်တစ်ဦးဦးကို ဥပဒေ နှင့်ဆန့်ကျင်သော ကိစ္စတစ်ခုခုအတွက် သွေးဆောင်ခေါ်ယူကြောင်း သို့မဟုတ် ဥပဒေနှင့် ဆန့်ကျင်၍ ချုပ်နှောင်ထားကြောင်း ခိုင်လုံသောသတင်းရရှိသဖြင့် ကလေးသူငယ်၏ လွတ်လပ်ခွင့်ပြန်လည်ရရှိရေး သို့မဟုတ် မိဘ၊ အုပ်ထိန်းသူထံ အမြန်ဆုံးအပ်နှံရေးတို့အတွက် လိုအပ်သလိုအရေးယူဆောင်ရွက်ပေးရန် ညွှန်ကြားလာလျှင် သော်လည်းကောင်းချက်ချင်းဆောင်ရွက်ရမည်။

## အခန်း (၁၃)

## ကလေးသူငယ်မှုခင်းများစစ်ဆေးစီရင်ခြင်း

၇၂။ ကလေးသူငယ်တရားရုံးသည်-

(က) ကလေးသူငယ်မှုခင်းများကို လက်ခံရရှိလျှင်အမှုတွဲတွင်ပါရှိသော ကလေးသူငယ်၏ အသက်နှင့် ပတ်သက်သည့် အထောက်အထားများကိုစိစစ်ရာတွင် နည်းဥပဒေ ၆၈ ပါ ဖော်ပြထားသော အထောက် အထားများအစီအစဉ်အတိုင်း ဦးစားပေး စိစစ်ဆုံးဖြတ်ရမည်။

(ခ) မွေးစာရင်းပါအသက်နှင့် အခြားအထောက်အထားများပါအသက်တို့ ကွဲလွဲနေပါက မွေးစာရင်းပါ အသက်ကို အတည်ပြုဆုံးဖြတ်ရမည်။

(ဂ) မွေးစာရင်း၊ ကျောင်းဝင်မှတ်ပုံတင်စာရင်းကောက်နုတ်ချက်မိတ္တူမှန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်များ မရရှိနိုင်မှသာလျှင် ကျန်းမာရေးဦးစီးဌာန ဆရာဝန်၏ ဆေးစာ၊ သန်းခေါင်စာရင်းမိတ္တူမှန်နှင့် အခြားခိုင်လုံသော အထောက်အထားများပါ အသက်ကို အထောက်အထားပြုဆုံးဖြတ်ရမည်။

(ဃ) ကလေးသူငယ်မှုခင်းကိုလက်ခံစစ်ဆေးခြင်းမပြုမီ ကလေးသူငယ်ဖြစ်ကြောင်း သတ်မှတ်ဆုံးဖြတ် ချက်ကို ရေးသားမှတ်တမ်းတင်ထားရမည်။

၇၃။ ကလေးသူငယ်တရားရုံးသည် ကလေးသူငယ်၏ အသက်နှင့်စပ်လျဉ်း၍ မွေးဖွားသည့်ခုနှစ်နှင့် လအတွက်သာ ဖော်ပြနိုင်လျှင်မွေးရက်ကို ယင်းလ ၁၆ ရက်နေ့ဟုလည်းကောင်း၊ မွေးဖွားသည့်ခုနှစ်သာ ဖော်ပြနိုင်လျှင် မွေးလနှင့်နေ့ရက်ကို ထိုနှစ်၏ ဇူလိုင်လ ၁ ရက်နေ့ဟုလည်းကောင်း သတ်မှတ်နိုင်သည်။

၇၄။ ကလေးသူငယ်တရားရုံးသည် တရားစွဲဆိုတင်ပို့ခြင်းခံရသော ကလေးသူငယ်အား အမှုစစ်ဆေးဆဲ ကာလအတွင်း ပုံစံ (၂၃) ဖြင့် ခံဝန်ချုပ် ချုပ်ဆိုပြီးလွှတ်ထားခြင်း၊ မိဘ၊ အုပ်ထိန်းသူထံ စည်းကမ်းချက် ဖြင့်အပ်နှံခြင်း၊ ပုံစံ (၂၈) ဖြင့် ယာယီစောင့်ရှောက်ရေးစခန်း သို့မဟုတ် အခြားသင့်လျော်သည့်နေရာသို့ စည်းကမ်းချက်ဖြင့် အပ်နှံခြင်းပြုရမည်။ မည်သည့်အကြောင်းနှင့်မျှ ချုပ်မိန့်မပေးရ။

Myanmar Law Information System (MLIS)

၇၅။ ရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်သည် သေဒဏ်ထိုက်သင့်သောပြစ်မှုဖြင့် စွပ်စွဲခံရသော ဆင်းရဲနွမ်းပါးသည့်ကလေးသူငယ်အတွက် အစိုးရစရိတ်ဖြင့်လိုက်ပါဆောင်ရွက်ရမည့်ရှေ့နေကို ငှားရမ်းပေးရ မည်။

၇၆။ ကလေးသူငယ်တရားရုံးသည် ထောင်ဒဏ် ၃ နှစ်အထိ ပြစ်ဒဏ်ပေးနိုင်သောပြစ်မှုဖြင့် စွပ်စွဲခံရသည့် ကလေးသူငယ်မှုခင်းကို ဥပဒေပုဒ်မ ၄၂၊ ၄၃ နှင့် ၄၄တို့အရ စစ်ဆေးစီရင်ရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေနှင့်အညီ သမ္မန်မှုစစ်ဆေးသည့်နည်းလမ်းအတိုင်း စစ်ဆေးစီရင်ရမည်။

၇၇။ (က) ကလေးသူငယ်တရားရုံးသည် ပြစ်မှုကျူးလွန်ကြောင်းထင်ရှားသော ကလေးသူငယ်အပေါ် အမိန့်ချမှတ်ခြင်းမပြုမီ ထည့်သွင်းစဉ်းစားနိုင်ရန်အလို့ငှာ အစီရင်ခံစာတင်သွင်းရန် ကလေးသူငယ် ကြီးကြပ်သူ သို့မဟုတ် သက်ဆိုင်ရာ လူမှုဝန်ထမ်းအရာရှိထံ **ပုံစံ (၂၉)** ဖြင့် အကြောင်းကြားရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ အကြောင်းကြားစာရရှိသည့်အခါ ကလေးသူငယ်ကြီးကြပ်သူ သို့မဟုတ် သက်ဆိုင်ရာလူမှုဝန်ထမ်းအရာရှိသည် စုံစမ်းလေ့လာပြီး ၁၄ ရက်အတွင်း **ပုံစံ (၃၀)** ဖြင့် မိမိ၏ အစီရင်ခံစာကို သက်ဆိုင်ရာကလေးသူငယ်တရားရုံးသို့ တင်ပြရမည်။

၇၈။ ကလေးသူငယ်တရားရုံးသည် လိုအပ်ပါက ကလေးသူငယ်ကြီးကြပ်သူ သို့မဟုတ် လူမှုဝန်ထမ်းအရာရှိ တစ်ဦးဦးအား စစ်ဆေးနိုင်သည့်အပြင် အစီရင်ခံစာပါအချက်များကို ကလေးသူငယ် သို့မဟုတ် မိဘ၊ အုပ်ထိန်းသူတို့အားအသိပေး၍ ထုချေရှင်းလင်းရန်ခွင့်ပြုနိုင်သည်။

၇၉။ ကလေးသူငယ်တရားရုံးသည် ပြစ်မှုကျူးလွန်ကြောင်းထင်ရှားသော ကလေးသူငယ်ကို ပြစ်ဒဏ်ချ မှတ်သည့်အခါ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ-

(က) သာမန်အားဖြင့်ထောင်ဒဏ်ချမှတ်ခြင်းမပြုရ။

(ခ) ကျူးလွန်သောပြစ်မှုသည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သေဒဏ်၊ နှစ်အကန့်အသတ်မရှိ ထောင် ဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ် ချမှတ်နိုင်သော ပြစ်မှုကိုကျူးလွန်ခြင်းဖြစ်ပြီး အကျင့်စာရိတ္တ လွန်ကဲစွာပျက်စီးနေသော သို့မဟုတ် မည်သည့်နည်းနှင့်မျှ ထိန်းသိမ်း၍မရနိုင်သောဆိုးသွမ်းနေသည့် ကလေးသူငယ်ဖြစ်သည်ဟု ကလေးသူငယ်တရားရုံးက ယုံကြည်မှသာ ထောင်ဒဏ်ချမှတ်ရမည်။

(ဂ) ထောင်ဒဏ်ချမှတ်ပါက ၇ နှစ်ထက်မပိုစေရ။ ယင်းသို့ချမှတ်သော ထောင်ဒဏ်တွင် အလုပ်ကြမ်း ပြစ်ဒဏ်ကို ထည့်သွင်းချမှတ်ခြင်းမပြုရ။

(ဃ) ထောင်ဒဏ်ချမှတ်ရာတွင်လည်း သတ်မှတ်ထားသည့် အကျဉ်းထောင်သို့သာ ပို့အပ်ရမည်။

(င) ကလေးသူငယ်ကျူးလွန်သောပြစ်မှုသည် ကြီးလေးခြင်းမရှိသည့်အပြင် ကလေးသူငယ်မှာလည်း အကျင့်စာရိတ္တပျက်ပြားခြင်းမရှိသေးလျှင် ဆိုဆုံးမ၍ လွှတ်နိုင်သည် သို့မဟုတ် အသက် ၁၄ နှစ်ပြည့်ပြီး ဝင်ငွေရရှိသည့် ကလေးသူငယ်ဖြစ်လျှင် ငွေဒဏ်တပ်ရိုက်နိုင်သည်။ ဝင်ငွေမရှိသော ကလေးသူငယ်ဖြစ် လျှင် မိဘ၊ အုပ်ထိန်းသူကို ငွေဒဏ်တပ်ရိုက်နိုင်သည်။

၈၀။ ကလေးသူငယ်တရားရုံးသည် ထောင်ဒဏ်ချမှတ်ခြင်းမပြုသင့်သော ကလေးသူငယ်အား-

Myanmar Law Information System (MLIS)

(က) ဥပဒေပုဒ်မ ၄၇၊ ပုဒ်မခွဲ (ခ) အရ ၃ နှစ်ထက်မပိုသော ကာလအတွင်း ခံဝန်ချုပ်ပါစည်းကမ်း အတိုင်း ကောင်းမွန်စွာနေထိုင်ကျင့်ကြံစေရေးအတွက် မိဘ၊ အုပ်ထိန်းသူအား **ပုံစံ (၃၁)** ဖြင့် ခံဝန်ချုပ် ချုပ်ဆိုစေပြီး ပြန်လည်အပ်နှံနိုင်သည်။

(ခ) ဥပဒေပုဒ်မ ၄၇၊ ပုဒ်မခွဲ (ဂ) အရ ၃ နှစ်ထက်မပိုသောကာလအတွင်း ကလေးသူငယ်ကြီးကြပ်သူ၏ ကြီးကြပ်စီမံခြင်းကို ခံယူစေရန် ပုံစံ (၃၂) ဖြင့် ကလေးသူငယ်ကြီးကြပ်သူ သို့မဟုတ် သက်ဆိုင်ရာလူမှု ဝန်ထမ်းအရာရှိထံ အကြောင်းကြားရမည်။

(ဂ) ဥပဒေပုဒ်မ ၄၇၊ ပုဒ်မခွဲ (ဃ) အရ အနည်းဆုံး ၂ နှစ်ဖြစ်စေ၊ အများဆုံးအသက် ၁၈ နှစ် ပြည့်သည့်နေ့အထိဖြစ်စေထိန်းသိမ်းထားရန် **ပုံစံ (၃၃)** ဖြင့် သင်တန်းကျောင်းတစ်ခုခုသို့ ပို့အပ် နိုင်သည်။

(ဃ) နည်းဥပဒေခွဲ (က) သို့မဟုတ် (ခ) အရ အမိန့်ချမှတ်ပြီးနောက် မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် ကလေးသူငယ်ကြီးကြပ်သူက ယင်းကလေးသူငယ်ကို ထိန်းသိမ်း၍မရနိုင်သဖြင့် တရားရုံးသို့ ပြန်လည် အပ်နှံပါက ကျန်ရှိသည့် ကာလအတွက် ထိန်းသိမ်းရန် **ပုံစံ (၃၃)** ဖြင့် သင်တန်းကျောင်းတစ်ခုခုသို့ ထိန်းသိမ်းထားရန် ပို့အပ်ရမည်။

၈၁။ ကလေးသူငယ်ကြီးကြပ်သူ သို့မဟုတ် သက်ဆိုင်ရာလူမှုဝန်ထမ်းအရာရှိသည် မိမိကြီးကြပ်စီမံရ သော ကလေးသူငယ်၏ လစဉ်အစီရင်ခံစာကို ကလေးသူငယ်တရားရုံးသို့ တင်ပြရမည်။

၈၂။ သက်ဆိုင်ရာသင်တန်းကျောင်းအုပ်၊ ကလေးသူငယ်ကြီးကြပ်သူ သို့မဟုတ် မိဘ၊ အုပ်ထိန်းသူသည် ကလေးသူငယ်တရားရုံးက ဥပဒေပုဒ်မ ၄၇၊ ပုဒ်မခွဲ (ဂ) သို့မဟုတ် ပုဒ်မခွဲ (ဃ) အရ အမိန့်ချမှတ်ပြီး နောက် ထို့အမိန့်နှင့်အညီ အနည်းဆုံး ၁ နှစ်ပြည့်သည်အထိ လိုက်နာပြီးဖြစ်သော ကလေးသူငယ်အား သက်ဆိုင်ရာ မိဘ၊ အုပ်ထိန်းသူထံ ခံဝန်ချုပ်ဖြင့်ဖြစ်စေ၊ ခံဝန်ချုပ်မပါဘဲဖြစ်စေ ပြန်လည်အပ်နှံသည့် အမိန့်ချမှတ်နိုင်ရန်အလို့ငှာ ကျိုးကြောင်းဖော်ပြလျက် **ပုံစံ (၃၄)** ဖြင့် ကလေးသူငယ်တရားရုံးသို့ တင်ပြ နိုင်သည်။

၈၃။ ကလေးသူငယ်တရားရုံးသည်-

(က) သက်ဆိုင်ရာသင်တန်းကျောင်းအုပ်၊ ကလေးသူငယ်ကြီးကြပ်သူ သို့မဟုတ် မိဘ၊ အုပ်ထိန်းသူက နည်းဥပဒေ ၈၂ အရ အစီရင်ခံစာတင်ပြလာလျှင် အထွေထွေမှု ဖွင့်လှစ်ရမည်။

(ခ) လိုအပ်ပါက သက်ဆိုင်ရာသင်တန်းကျောင်းတာဝန်ရှိသူ၊ ကလေးသူငယ်ကြီးကြပ်သူနှင့် မိဘ၊ အုပ်ထိန်းသူများကို စစ်ဆေးမေးမြန်းနိုင်သည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ စစ်ဆေးပြီး ကလေးသူငယ်အား သက်ဆိုင်ရာ မိဘ၊ အုပ်ထိန်းသူထံ **ပုံစံ (၃၁)** ခံဝန်ချုပ်ဖြင့်ဖြစ်စေ၊ ခံဝန်ချုပ်မပါဘဲဖြစ်စေ ပြန်လည်အပ်နှံရန် ပြင်ဆင်အမိန့်ချမှတ်နိုင်သည်။

၈၄။ (က) မိဘ၊ အုပ်ထိန်းသူသည် ကလေးသူငယ်အားနည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ (က) အရ ခံဝန်ချုပ်ဖြင့် ထိန်းသိမ်းရာတွင် သတ်မှတ်သောကာလမပြည့်မီ အဆိုပါကလေးသူငယ်အား ထိန်းသိမ်း နိုင်ခြင်းမရှိပါက သက်ဆိုင်ရာကလေးသူငယ်တရားရုံးသို့ ပြန်လည်အပ်နှံနိုင်သည်။

Myanmar Law Information System (MLIS)

(ခ) ကလေးသူငယ်တရားရုံးသည် မိဘ၊ အုပ်ထိန်းသူက ကလေးသူငယ်အား နည်းဥပဒေခွဲ (က) အရ ပြန်လည်အပ်နှံလာလျှင် အထွေထွေအမှုဖွင့်လှစ်ပြီး အဆိုပါကလေးသူငယ်အား သင်တန်းကျောင်း တစ်ခုခုသို့ ထိန်းသိမ်းထားရန် **ပုံစံ (၃၃)** ဖြင့် အပ်နှံနိုင်သည်။

၈၅။ ကလေးသူငယ်တရားရုံးသည်-

(က) ဥပဒေပုဒ်မ ၅၁၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ကလေးသူငယ်ကိုရှာဖွေ၍ တရားရုံးရှေ့ တင်ပို့ရန်နှင့် ယင်းသို့မတင်ပို့နိုင်မီ ယာယီစောင့်ရှောက်ရေးစခန်းသို့ ပို့အပ်ထားရန် သက်ဆိုင်ရာရဲအရာ ရှိအား **ပုံစံ (၃၅)** ဖြင့် ဆင့်ဆိုနိုင်သည်။

(ခ) ဥပဒေပုဒ်မ ၅၁၊ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ကလေးသူငယ်ကို ဥပဒေနှင့် ဆန့်ကျင်သော ကိစ္စတစ်ခုခုအတွက် သွေးဆောင်ခေါ်ယူကြောင်း သို့မဟုတ် ဥပဒေနှင့်ဆန့်ကျင်၍ ချုပ်နှောင်ထား ကြောင်း ခိုင်လုံသောသတင်း ရရှိလျှင် ကလေးသူငယ်၏ လွတ်လပ်ခွင့်ပြန်လည်ရရှိရေး သို့မဟုတ် မိဘ၊ အုပ်ထိန်းသူထံ အမြန်ဆုံးအပ်နှံရေးတို့အတွက် အရေးယူဆောင်ရွက်ရန် သက်ဆိုင်ရာရဲအရာရှိအား ပုံစံ (၃၆) ဖြင့် ညွှန်ကြားနိုင်သည်။

၈၆။ ကလေးသူငယ်တရားရုံးသည် ရဲအရာရှိက နည်းဥပဒေ ၈၅ အရ ကလေးသူငယ်နှင့်အတူ အစီရင်ခံ စာတင်ပြလာလျှင် အထွေထွေအမှုဖွင့်လှစ်ပြီး အဆိုပါကလေးသူငယ်အား သင်တန်းကျောင်းတစ်ခုခုသို့ ထိန်းသိမ်းထားရန် ပုံစံ (၃၃) ဖြင့် အပ်နှံနိုင်သည်။

၈၇။ (က) ကလေးသူငယ်တရားရုံးကချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုမကျေနပ်သူသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီရင်ပိုင်ခွင့်ရှိသောတရားရုံးသို့ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုတင်သွင်းခွင့်ရှိသည်။

(ခ) ကလေးသူငယ်တရားရုံးကဖြစ်စေ၊ အယူခံရုံး သို့မဟုတ် ပြင်ဆင်မှုတရားရုံးက ဖြစ်စေ ကလေး သူငယ်အပေါ် ထောင်ဒဏ်အမိန့်ချမှတ်လျှင် စီရင်ချက်မိတ္တူတစ်စောင်ကို ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

၈၈။ ကလေးသူငယ်တရားရုံးသည် ထောင်ဒဏ်ချမှတ်သည့်အခါ ရဲအရာရှိက အမှုစုံစမ်းစစ်ဆေးနေစဉ် ဖြစ်စေ၊ အမှုစစ်ဆေးနေစဉ်တွင်ဖြစ်စေ ကလေးသူငယ်အား ယာယီစောင့်ရှောက်ရေးစခန်း သို့မဟုတ် အခြားသင့်လျော်သည့်နေရာတွင် စည်းကမ်းချက်ဖြင့် အပ်နှံခြင်းပြုထားသော ကာလကို ချမှတ်သည့် ထောင်ဒဏ်မှ ထုတ်နုတ်ခံစားခွင့်ပြုရမည်။

## အခန်း (၁၄)

## ကလေးသူငယ်အားကြီးကြပ်စီမံခြင်း

၈၉။ ညွှန်ကြားရေးမှူးချုပ်သည် လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးကိုဖြစ်စေ၊ အစိုးရဝန်ထမ်း မဟုတ်သည့် သင့်လျော်သောနိုင်ငံသားတစ်ဦးကိုဖြစ်စေ ကလေးသူငယ်ကြီးကြပ်သူအဖြစ် တာဝန်ပေးနိုင် သည်။

၉၀။ ကလေးသူငယ်ကြီးကြပ်သူသည် မိမိ၏ ကြီးကြပ်စီမံခြင်းကိုခံယူစေရန် အမိန့်ချမှတ်ခြင်းခံရသော ကလေးသူငယ်နှင့်ပတ်သက်၍ အောက်ပါတို့ကိုဆောင်ရွက်ရမည်-

(က) ကြီးကြပ်စီမံခြင်းခံရသောကလေးသူငယ်၏အကျိုးအတွက် ဆောင်ရွက်ခြင်း၊

(ခ) သက်ဆိုင်ရာဒေသအတွင်းရှိ ကလေးသူငယ်များသာမက ယင်းတို့၏ မိဘ၊ အုပ်ထိန်းသူများနှင့် လည်း ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) ကလေးသူငယ်အား စည်းကမ်းတကျ လိုက်နာနေထိုင်စေရန် ပြောဆိုဆုံးမခြင်း၊

(ဃ) ကလေးသူငယ်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဖွံ့ဖြိုးစေရန် အစွမ်းကုန်ကူညီဆောင်ရွက်ခြင်း၊

(င) ကလေးသူငယ်အား ဘေးအန္တရာယ်မဖြစ်စေရန် ကာကွယ်စောင့်ရှောက်ခြင်း၊

(စ) ကလေးသူငယ်၏အကျိုးအတွက် သက်ဆိုင်ရာကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၊ အာဏာပိုင်အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းနှင့်ရပ်ရွာလူထု၏ အကူအညီရယူဆောင်ရွက် ခြင်း၊

(ဆ) သတ်မှတ်ထားသည့်စည်းကမ်းချက်များကို ကလေးသူငယ်က ဖောက်ဖျက်ပါက ကြီးကြပ်စီမံမှု အစီအစဉ်များ ဆက်လက်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ လူမှုဝန်ထမ်းအရာရှိထံ အစီရင်ခံစာတင်ပြ ခြင်း၊

(ဇ) ကြီးကြပ်စီမံခြင်းခံရမည့် သတ်မှတ်ထားသည့်ကာလအတွင်း ကလေးသူငယ်က အကျင့်စာရိတ္တ တိုးတက်ကောင်းမွန်လာလျှင် မိဘ၊ အုပ်ထိန်းသူများထံ ပြန်လည်နေထိုင်နိုင်ရန်နှင့် နောက်ဆက်တွဲ စောင့်ရှောက်မှု ဆောင်ရွက်နိုင်ရန် ကြီးကြပ်စီမံခြင်းပြီးဆုံးကြောင်း အစီရင်ခံစာကို သက်ဆိုင်ရာလူမှုဝန် ထမ်းအရာရှိထံတင်ပြခြင်း၊

(ဈ) လူမှုဝန်ထမ်းဦးစီးဌာနကအခါအားလျော်စွာ သတ်မှတ်သည့်စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်း။

၉၁။ ကလေးသူငယ်ကြီးကြပ်သူသည် မိမိ၏ကြီးကြပ်စီမံခြင်းကို ခံယူစေရန် ဥပဒေပုဒ်မ ၄၇၊ ပုဒ်မခွဲ (ဂ) အရ အမိန့်ချမှတ်ခြင်းခံရသော ကလေးသူငယ်နှင့်ပတ်သက်၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) သက်ဆိုင်ရာ ကလေးသူငယ်၊ ယင်း၏မိဘ၊ အုပ်ထိန်းသူတို့နှင့် ဆွေးနွေးညှိနှိုင်း၍ ကြီးကြပ်စီမံ ခြင်းဆိုင်ရာစည်းကမ်း၊ နည်းလမ်းများကိုသတ်မှတ်ခြင်း၊

(ခ) နည်းဥပဒေခွဲ (က) အရ သတ်မှတ်သည့် ကြီးကြပ်စီမံခြင်းဆိုင်ရာစည်းကမ်း၊ နည်းလမ်းများကို သက်ဆိုင်ရာကလေးသူငယ်က လိုက်နာဆောင်ရွက်စေခြင်း၊

(ဂ) ကလေးသူငယ်အား မူလနေထိုင်ရာနေရာတွင်ပင် လွတ်လပ်စွာ ဆက်လက်နေထိုင်စေပြီး အကျင့် စာရိတ္တကောင်းမွန်လာစေရန် ပြုပြင်လမ်းညွှန်ခြင်း၊

(ဃ) ကြီးကြပ်စီမံခြင်းခံရသည့်ကလေးသူငယ်၏ မိသားစုအခြေအနေ၊ အကျင့်စာရိတ္တနှင့် လူမှုရေး အခြေအနေတို့ကိုထောက်ရှု၍ တစ်လလျှင် အနည်းဆုံးတစ်ကြိမ် ကလေးသူငယ်၊ ယင်း၏ မိဘ၊ အုပ်ထိန်းသူတို့နှင့် တွေ့ဆုံဆွေးနွေးခြင်း၊

(င) ကြီးကြပ်စီမံခြင်းခံရသည့် ကလေးသူငယ်ပညာသင်ကြားနေသည့်ကျောင်းသို့ အခါအားလျော်စွာ သွားရောက်၍ သက်ဆိုင်ရာကျောင်းအုပ်၊ အတန်းပိုင်ဆရာတို့နှင့်တွေ့ဆုံပြီး ကလေးသူငယ်၏ ပညာရည် တိုးတက်မှု၊ ပေါင်းသင်းဆက်ဆံမှု၊ စည်းကမ်းလိုက်နာမှုတို့ကို စုံစမ်းမေးမြန်းခြင်း၊

(စ) ကြီးကြပ်စီမံခြင်းခံရသည့်ကလေးသူငယ်သည် အလုပ်လုပ်ကိုင်နိုင်သည့် အရည်အချင်းရှိလျှင် အလုပ် အကိုင်ရရှိရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပေးခြင်း၊

Myanmar Law Information System (MLIS)

(ဆ) သတ်မှတ်ထားသည့်ကြီးကြပ်စီမံခြင်းဆိုင်ရာစည်းကမ်းများကို ကြီးကြပ်စီမံခြင်းခံရသည့် ကလေး သူငယ်က ဖောက်ဖျက်လျှင် လိုအပ်သလိုသတိပေးခြင်း၊ လိုအပ်သောစည်းကမ်းချက်များကို ထမ်မံသတ် မှတ်ခြင်း၊

(ဇ) သတ်မှတ်ထားသည့် ကြီးကြပ်စီမံခြင်းဆိုင်ရာစည်းကမ်းများကို ကြီးကြပ်စီမံခြင်းခံရသည့်ကလေး သူငယ်က အမြဲတစေချိုးဖောက်နေခြင်းကြောင့် ကြီးကြပ်စီမံခြင်းကို ဆက်လက်ပြုလုပ်နိုင်ခြင်းမရှိလျှင် သက်ဆိုင်ရာကလေးသူငယ်တရားရုံးသို့ တင်ပြခြင်း၊

(ဈ) ကြီးကြပ်စီမံခြင်းခံရသည့် ကလေးသူငယ်က ကြီးကြပ်စီမံခြင်းခံယူရမည့် သတ်မှတ်ကာလကုန်ဆုံး သည်အထိ ကြီးကြပ်စီမံခြင်းဆိုင်ရာစည်းကမ်းများကို အပြည့်အဝလိုက်နာပြီးဖြစ်လျှင် သက်ဆိုင်ရာသို့ သတင်းပို့အစီရင်ခံခြင်း။

## အခန်း (၁၅)

## ပြစ်မှုကျူးလွန်သောလူငယ်

၉၂။ ပြစ်မှုကျူးလွန်သည်ဟုစွပ်စွဲခံရသောလူငယ်ကို ရဲအရာရှိ သို့မဟုတ် အရေးယူပိုင်ခွင့်ရှိသူကသာ ဖမ်း ဆီးပြီး သက်ဆိုင်ရာရဲစခန်းသို့ ချက်ချင်းပို့အပ်ရမည်။

၉၃။ ရဲအရာရှိ သို့မဟုတ် အရေးယူပိုင်ခွင့်ရှိသူသည် ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခံရသောလူငယ်ကို ဖမ်း ဆီးလျှင် အောက်ပါတို့ကိုလိုက်နာရမည်-

(က) လက်ထိပ်ခတ်ခြင်းမပြုရ။

(ခ) လူကြီးတရားခံများနှင့်အတူရောနှော၍ထားရှိခြင်းမပြုရ၊ မိန်းကလေးဖြစ်လျှင် အမျိုးသမီးတစ်ဦး ၏ အစောင့်အရှောက်ဖြင့် ထားရှိရမည်။

(ဂ) နှိပ်စက်ညှဉ်းပန်းခြင်း၊ ခြိမ်းခြောက်ခြင်းမပြုရ။

(ဃ) တစ်နေရာမှတစ်နေရာသို့လူကြီးတရားခံများနှင့်အတူရောနှော၍ မပို့ဆောင်ရ၊ မိန်းကလေးဖြစ် လျှင်အမျိုးသမီးတစ်ဦး၏ အစောင့်အရှောက်ဖြင့် ပို့ဆောင်ရမည်။

(င) သက်ဆိုင်ရာမိဘ သို့မဟုတ် အုပ်ထိန်းသူထံအမြန်ဆုံးအသိပေးအကြောင်းကြားရမည်။

၉၄။ ရဲအရာရှိ သို့မဟုတ် အရေးယူပိုင်ခွင့်ရှိသူသည် လူငယ်ပါဝင်ကျူးလွန်သော မှုခင်းများကို စီရင်ပိုင်ခွင့် ရှိသောတရားရုံးသို့ တရားစွဲဆိုတင်ပို့ရာတွင် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) လူငယ်ချည်းသာကျူးလွန်သော မှုခင်းဖြစ်ပါက လူငယ်မှုခင်းဖြစ်ကြောင်း သိသာထင်ရှားသော အမှတ်အသားဖော်ပြရမည်။

(ခ) လူကြီးနှင့်လူငယ်ပူးတွဲကျူးလွန်သောမှုခင်းဖြစ်ပါက စွပ်စွဲခံရသူလူငယ်၏ အမည်နှင့်ယှဉ်တွဲလျက် လူငယ်ဖြစ်ကြောင်း သိသာထင်ရှားသော အမှတ်အသားဖော်ပြရမည်။

၉၅။ ရဲအရာရှိ သို့မဟုတ် အရေးယူပိုင်ခွင့်ရှိသူသည် လူငယ်ပါဝင်ကျူးလွန်သော မှုခင်းများအား စီရင်ပိုင်ခွင့်ရှိသည့်တရားရုံးသို့ တရားစွဲဆိုတင်ပို့ရာတွင် လူငယ်၏အသက်နှင့်စပ်လျဉ်း၍ မှန်ကန်စွာ စိစစ်နိုင်ရန် အောက်ပါအထောက်အထားတစ်ခုခုကို ပူးတွဲတင်ပြရမည်-

Myanmar Law Information System (MLIS)

(က) မွေးစာရင်း၊

(ခ) ကျောင်းဝင်မှတ်ပုံတင်စာရင်းကောက်နုတ်ချက်မိတ္တူမှန်၊

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်၊

(ဃ) ကျန်းမာရေးဦးစီးဌာန ဆရာဝန်၏ဆေးစာ၊

(င) သန်းခေါင်စာရင်းမိတ္တူမှန်၊

(စ) နည်းဥပဒေခွဲ (က) မှ (င) အထိ သတ်မှတ်ထားသောအထောက်အထားများမရလျှင် အခြားခိုင်လုံ သောအထောက်အထားများ။

၉၆။ တရားရုံးသည်-

(က) လူငယ်ပါဝင်ကျူးလွန်သောမှုခင်းများကို လက်ခံရရှိလျှင် အမှုတွဲတွင်ပါရှိသော လူငယ်၏အသက် နှင့်ပတ်သက်သည့် အထောက်အထားများကို စိစစ်ရမည်။

(ခ) မွေးစာရင်းပါအသက်နှင့် အခြားအထောက်အထားများပါအသက်တို့ ကွဲလွဲနေပါက မွေးစာရင်းပါ အသက်ကို အတည်ပြုဆုံးဖြတ်ရမည်။

(ဂ) မွေးစာရင်း၊ ကျောင်းဝင်မှတ်ပုံတင်စာရင်းကောက်နုတ်ချက်မိတ္တူမှန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်နှင့် သန်းခေါင်စာရင်းပါ အချက်များမရရှိနိုင်မှသာလျှင် သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာန ဆရာဝန်၏ ဆေးစာပါအသက်ကို အထောက်အထားပြုဆုံးဖြတ်ရမည်။

(ဃ) လူငယ်၏ အသက်နှင့်စပ်လျဉ်း၍ မွေးဖွားသည့် ခုနှစ်နှင့်လအတွက်သာ ဖော်ပြနိုင်လျှင် မွေးရက်ကို ယင်းလ ၁၆ ရက်နေ့ဟုလည်းကောင်း၊ မွေးဖွားသည့် ခုနှစ်သာဖော်ပြနိုင်လျှင် မွေးလနှင့်နေ့ရက်ကို ထိုနှစ်၏ ဇူလိုင်လ ၁ ရက်နေ့ဟုလည်းကောင်း သတ်မှတ်နိုင်သည်။

၉၇။ တရားရုံးသည်-

(က) ပြစ်မှုကျူးလွန်သည့်အချိန်၌ အသက် ၁၆ နှစ်ပြည့်ပြီး အသက် ၁၈ နှစ်မပြည့်သေးသောလူငယ်ကိုသာ လူငယ်မှုခင်းအဖြစ်သတ်မှတ်၍ စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည်။

(ခ) လူငယ်မှုခင်းကို လက်ခံစစ်ဆေးခြင်းမပြုမီ လူငယ်ဖြစ်ကြောင်းဆုံးဖြတ်ချက်ကို ရေးသားမှတ်တမ်း တင်ထားရမည်။

(ဂ) တရားစွဲဆိုတင်ပို့ခြင်းခံရသော လူငယ်ကျူးလွန်သောပြစ်မှုသည် သေဒဏ်၊ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ် ထိုက်သင့်သောပြစ်မှုဖြစ်စေကာမူ အမှုစစ်ဆေးဆဲ ကာလအတွင်း ခံဝန်ချုပ်ဖြင့် လွှတ်ထားနိုင်သည်။

၉၈။ ရှေ့နေချုပ်ရုံးနှင့်ဥပဒေရုံးအဆင့်ဆင့်သည် သေဒဏ်ထိုက်သင့်သော ပြစ်မှုဖြင့် စွပ်စွဲခံရသော ဆင်းရဲ နွမ်းပါးသည့်လူငယ်အတွက် အစိုးရစရိတ်ဖြင့်လိုက်ပါဆောင်ရွက်မည့်ရှေ့နေကို ငှားရမ်းပေးရမည်။

၉၉။ တရားရုံးသည်ပြစ်မှုကျူးလွန်ကြောင်းထင်ရှားသော လူငယ်အား အမိန့်ချမှတ်ခြင်းမပြုမီ ဥပဒေ ပုဒ်မ ၇၀ ပါ အချက်အလက်များကို စဉ်းစားသုံးသပ်နိုင်ရန် ကလေးသူငယ်ကြီးကြပ်သူကိုတာဝန်ပေး အပ်၍

Myanmar Law Information System (MLIS)

အစီရင်ခံစာတင်သွင်းစေပြီး လူငယ်အတွက် အကျိုးဖြစ်ထွန်းစေမည့် ပြုပြင်ရေးသဘော သက်ရောက်သောအမိန့်ကို ချမှတ်ရမည်။

၁၀၀။ တရားရုံးသည် ပြစ်မှုကျူးလွန်ကြောင်းထင်ရှားသောလူငယ်ကို ပြစ်ဒဏ် ချမှတ်သည့်အခါ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ-

(က) သေဒဏ်၊ တစ်သက်တစ်ကျွန်းဒဏ် သို့မဟုတ် ကြိမ်ဒဏ်ချမှတ်ခြင်းမပြုရ။

(ခ) ထောင်ဒဏ်ချမှတ်ပါက ၁၀ နှစ်ထက်မပိုစေရ။ ယင်းသို့ချမှတ်သော ထောင်ဒဏ်တွင် အလုပ်ကြမ်း ပြစ်ဒဏ်ကို ထည့်သွင်းချမှတ်ခြင်းမပြုရ။

(ဂ) ထောင်ဒဏ်ချမှတ်လျှင် သတ်မှတ်ထားသည့် အကျဉ်းထောင်သို့ ပို့အပ်ရမည်။

## အခန်း (၁၆)

## ကလေးသူငယ်နှင့်လူငယ်များကိုအကျဉ်းထောင်၌ထိန်းသိမ်းစောင့်ရှောက်ခြင်း

၁၀၁။ အကျဉ်းထောင်တာဝန်ခံအရာရှိသည် အချုပ်ခံရသော သို့မဟုတ် ထောင်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ် သို့မဟုတ် လူငယ်နှင့်ပတ်သက်၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ကလေးသူငယ် သို့မဟုတ် လူငယ်အား အခြားလူကြီးအကျဉ်းသားများနှင့် ကူးလူးဆက်ဆံ ခြင်း မပြုနိုင်သောသီးခြားအဆောင် သို့မဟုတ် အခန်းလွတ်တွင် အများဆုံးအသက် ၁၈ နှစ်ပြည့်သည့်နေ့အထိ သီးသန့်ခွဲခြား၍ထားရမည်။

(ခ) ကလေးသူငယ်နှင့်လူငယ်မှာ မိန်းကလေးဖြစ်လျှင် ပြစ်မှုရုံဖန်ရံခါ ကျူးလွန်တတ်သော အမျိုးသမီး အကျဉ်းသားများအတွက် သတ်မှတ်ထားသည့်အမျိုးသမီးအဆောင်တွင် ထားရမည်။

(ဂ) ကလေးသူငယ်နှင့်လူငယ်အားပြစ်မှုများ အကြိမ်ကြိမ်ကျူးလွန်တတ် သည့်ကလေးသူငယ်နှင့် လူငယ်အကျဉ်းသားတို့နှင့် ခွဲခြားထားရမည်။

(ဃ) ကလေးသူငယ်နှင့်လူငယ်အကျဉ်းသားများအတွက် သီးခြားအဆောင်မရှိသော အကျဉ်းထောင် များတွင် ညဥ့်အခါ သီးခြားအိပ်ရန်နေရာများထားရှိပြီး နေ့အခါ လူကြီးအကျဉ်းသားများနှင့် ရောနှော ရင်းနှီးမှုမရှိစေရန် စီစဉ်ထားရမည်။

(င) ကလေးသူငယ်အကျဉ်းသားများအား လူငယ်အကျဉ်းသားများနှင့် သီးသန့်ခွဲခြားထားရန် စီစဉ်ထား ရမည်။

၁၀၂။ အကျဉ်းထောင်တာဝန်ခံအရာရှိသည်-

(က) ကလေးသူငယ်နှင့်လူငယ်အကျဉ်းသားများအား အလုပ်ကြမ်းခိုင်းစေခြင်းမပြုရ။

(ခ) ကလေးသူငယ်နှင့် လူငယ်အကျဉ်းသားများအား အသက်မွေးဝမ်းကျောင်း ပညာတစ်ရပ်ရပ် တတ် မြောက်စေရန်အတွက် စက်မှုလက်မှုလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် သင်ကြားလုပ် ကိုင်စေနိုင်သည်။

၁၀၃။ အကျဉ်းထောင်တာဝန်ခံအရာရှိသည် အကျဉ်းထောင်လက်စွဲပါပြဋ္ဌာန်းချက်များနှင့်အညီ ကျင့်သုံး ဆောင်ရွက်ရာတွင် ကလေးသူငယ်နှင့် လူငယ်အကျဉ်းသားများနှင့်စပ်လျဉ်း၍-

(က) အကျဉ်းထောင်စည်းကမ်းချိုးဖောက်သည့်အတွက် သီးခြားချုပ်နှောင်တိုက်ပိတ်ခြင်း ပြစ်ဒဏ် မပေးရ။

(ခ) ဆေးဘက်ဆိုင်ရာကျန်းမာရေးအရာရှိအား အပတ်စဉ် ပုံမှန်ကျန်းမာရေးစစ်ဆေးစေရန် တာဝန်ပေး ရမည်။

(ဂ) သက်ဆိုင်ရာ မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး၊ မိတ်ဆွေသင်္ဂဟများအား သတ်မှတ်ထားသည့်စည်းကမ်း များနှင့်အညီ တွေ့ဆုံခွင့်၊ အစားအသောက်နှင့်ပစ္စည်းများပို့ခွင့်ပြုရမည်။

၁၀၄။ အကျဉ်းထောင်တာဝန်ခံအရာရှိသည် ကလေးသူငယ်နှင့်လူငယ်အကျဉ်းသားများအား အကျဉ်း ထောင်တွင် လက်ခံထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ လစဉ်အစီ ရင်ခံရမည်။

၁၀၅။ ထောင်ဒဏ်ကျခံရသော ကလေးသူငယ်အတွက် အကျိုးဖြစ်ထွန်းစေရန် အများဆုံးအသက် ၁၈ နှစ်ပြည့်သည်အထိ သင်တန်းကျောင်း သို့မဟုတ် စောင့်ရှောက်သူထံ ရွှေ့ပြောင်းထားရာတွင် ကောင်းမွန် စွာနေထိုင်ခြင်းမပြုသော ကလေးသူငယ်အား ကျန်ရှိနေသော ထောင်ဒဏ်ကိုကျခံရန် အကျဉ်းထောင်သို့ ပြန်ပို့အပ်လျှင် အကျဉ်းထောင်တာဝန်ခံအရာရှိသည် သင်တန်းကျောင်း သို့မဟုတ် စောင့်ရှောက်သူထံ ယင်းကလေးသူငယ်နေထိုင်ခဲ့သည့်ကာလကို ပြစ်ဒဏ်ကျခံပြီး ကာလအဖြစ် သတ်မှတ်ရမည်။

## အခန်း (၁၇)

## အထွေထွေ

၁၀၆။ ဥပဒေမပြဋ္ဌာန်းမီက တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ အမိန့်၊ ညွှန်ကြားချက်အရဖြစ်စေ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ် သို့မဟုတ် အစိုးရမဟုတ်သောအဖွဲ့အစည်းက တည်ထောင်ထားသောကလေး သူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများနှင့်သက်ဆိုင်သည့် ပရဟိတဂေဟာ၊ ကျောင်း၊ အသင်းနှင့်စခန်းများသည် ဥပဒေနှင့် ဤနည်းဥပဒေများအရ ဖွဲ့စည်းတည်ထောင်ခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၁၀၇။ ဥပဒေမပြဋ္ဌာန်းမီ လူမှုဝန်ထမ်းဦးစီးဌာနက တည်ထောင်ထားသော သင်တန်းကျောင်းများသည် ဥပဒေနှင့် ဤနည်းဥပဒေများအရ ဖွဲ့စည်းတည်ထောက်ခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၁၀၈။ လူမှုဝန်ထမ်းဦးစီးဌာနသည်-

(က) ကော်မတီနှင့်လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီတို့၏ကုန်ကျစရိတ်များကို ကျခံရမည်။

(ခ) ကော်မတီနှင့်လုပ်ငန်းကော်မတီတို့၏ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးရမည်။

၁၀၉။ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့်မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီများသည်-

(က) မိမိရန်ပုံငွေဖြင့်ရပ်တည်ရမည်။

(ခ) မိမိရန်ပုံငွေကို ဘဏ်တွင်စာရင်းဖွင့်လှစ်အပ်နှံ၍ စနစ်တကျငွေသွင်း၊ ငွေထုတ်ပြုလုပ်ရမည်။

(ဂ) မိမိပိုင်ရန်ပုံငွေသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ကော်မတီကသတ်မှတ်သော ငွေစာရင်းထိန်းသိမ်းရေး သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) လတ်တလောအသုံးပြုရန်မလိုသည့်ရန်ပုံငွေများကို တိုးပွားစေရန် သင့်လျော်သည့်နည်းလမ်းများ နှင့်အညီ ဆောင်ရွက်ရမည်။

Myanmar Law Information System (MLIS)

(င) မိမိပိုင်ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို စနစ်တကျ ထိန်းသိမ်း ထားရှိရမည်။

(စ) မိမိပိုင်နိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ တည်ဆဲစည်းမျဉ်း စည်းကမ်းများနှင့် အညီ ဆောင်ရွက်ရမည်။

(ဆ) မိမိပိုင်ရန်ပုံငွေများနှင့် ပစ္စည်းများကို ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကိစ္စရပ်များအတွက် သာ သုံးစွဲရမည်။

(ဇ) ငွေစာရင်းများကို စနစ်တကျ ထိန်းသိမ်းထားရှိရမည်။

(ဈ) ငွေစာရင်းများကို စာရင်းစစ်ဆေးနိုင်ရန် မိမိတို့အဖွဲ့ဝင်တစ်ဦးကိုဖြစ်စေ၊ စာရင်းအင်းကျွမ်းကျင်သူ တစ်ဦး၏အကူအညီကို ရယူ၍ဖြစ်စေ စာရင်းစစ်အဖြစ်တာဝန်ပေးနိုင်သည်။

(ည) မိမိတို့၏ ငွေစာရင်းများကို စာရင်းစစ်ချုပ်ရုံးလက်အောက်ရှိ သက်ဆိုင်ရာစာရင်းရုံးသို့ အကူအညီ တောင်းခံ၍ စစ်ဆေးစေနိုင်သည်။

(ဋ) နှစ်စဉ်စာရင်းစစ်အစီရင်ခံစာကို စိစစ်၍အတည်ပြုနိုင်သည်။

(ပုံ) ဗိုလ်ချုပ်စိန်ထွား

ဝန်ကြီး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ပုံစံ (၁) (နည်းဥပဒေ ၂၇)

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ပုံစံ (၂) (နည်းဥပဒေ ၃၂)

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ပုံစံ (၃) ကလေးသူငယ်ကြီးကြပ်သူ၏ အစီရင်ခံစာ [နည်းဥပဒေ ၃၃ (ခ)]

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 ပုံစံ (၄) [နည်းဥပဒေ ၃၄ (က) (ခ)]

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 ပုံစံ (၅) မိဘ/ အုပ်ထိန်းသူထံပြန်လည်အပ်နှံသည့်ကတိဝန်ခံချက် [နည်းဥပဒေ ၃၆ (က)]

[ ပူးတွဲဖော်ပြသော စာရင်း 6 ] 06 ပုံစံ(၆) [နည်းဥပဒေ ၃၆(ခ)]

[ ပူးတွဲဖော်ပြသော စာရင်း 7 ] 07 ပုံစံ(၇) [နည်းဥပဒေ ၃၇ (က)(ခ) (ဂ)]

[ ပူးတွဲဖော်ပြသော စာရင်း 8 ] 08 ပုံစံ(၈) [နည်းဥပဒေ ၃၇ (ဃ)(င) (စ)]

[ ပူးတွဲဖော်ပြသော စာရင်း 9 ] 09 ပုံစံ(၉) [နည်းဥပဒေ ၃၈ (က)]

[ ပူးတွဲဖော်ပြသော စာရင်း 10 ] 10 ပုံစံ(၁၀) [နည်းဥပဒေ ၃၈ (ခ)]

[ ပူးတွဲဖော်ပြသော စာရင်း 11 ] 11 ပုံစံ (၁၁) သင်တန်းကျောင်းမှ ကလေးသူငယ်များအား စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၏ လေ့လာစိစစ်ချက် [နည်းဥပဒေ ၄၀ (က)]

[ ပူးတွဲဖော်ပြသော စာရင်း 12 ] 12 ပုံစံ (၁၂) [နည်းဥပဒေ ၄၁ (က)]

[ ပူးတွဲဖော်ပြသော စာရင်း 13 ] 13 ပုံစံ (၁၃) [နည်းဥပဒေ ၄၁ (ခ)]

[ ပူးတွဲဖော်ပြသော စာရင်း 14 ] 14 ပုံစံ (၁၄) [နည်းဥပဒေ ၄၁ (ဂ)]

[ ပူးတွဲဖော်ပြသော စာရင်း 15 ] 15 ပုံစံ (၁၅) [နည်းဥပဒေ ၄၁ (ဃ)]

Myanmar Law Information System (MLIS)

[ ပူးတွဲဖော်ပြသော စာရင်း 16 ] 16 ပုံစံ (၁၆) နေ့ကလေးထိန်းကျောင်း / မူလတန်းကြိုကျောင်း တည်ထောင်ခွင့်ပြုရန်လျှောက်လွှာ (နည်းဥပဒေ ၄၅ နှင့် ၄၈)

[ ပူးတွဲဖော်ပြသော စာရင်း 17 ] 17 ပုံစံ (၁၇) [နည်းဥပဒေ ၄၆ (ဃ) နှင့် နည်းဥပဒေ ၄၉ (ဃ)] နေ့ကလေးထိန်းကျောင်း/ မူလတန်းကြိုကျောင်းတည်ထောင်ခွင့်ပြုမိန့်

[ ပူးတွဲဖော်ပြသော စာရင်း 18 ] 18 ပုံစံ (၁၈) ဂေဟာများတည်ထောင်ခွင့်ပြုရန်လျှောက်လွှာပုံစံ (နည်းဥပဒေ ၅၁ )

[ ပူးတွဲဖော်ပြသော စာရင်း 19 ] 19 ပုံစံ (၁၉) [နည်းဥပဒေ ၅၂(ဃ)] ဂေဟာတည်ထောင်ခွင့်ပြုမိန့်

[ ပူးတွဲဖော်ပြသော စာရင်း 20 ] 20 ပုံစံ (၂၀) မသန်စွမ်းသင်တန်းကျောင်းများတည်ထောင်ခွင့်ပြုရန်လျှောက်လွှာပုံစံ (နည်းဥပဒေ ၅၈)

[ ပူးတွဲဖော်ပြသော စာရင်း 21 ] 21 ပုံစံ (၂၁) (နည်းဥပဒေ ၅၉) မသန်စွမ်းသင်တန်းကျောင်းတည်ထောင်ခွင့်ပြုမိန့်

[ ပူးတွဲဖော်ပြသော စာရင်း 22 ] 22 ပုံစံ (၂၂) အမွေစားအမွေခံသားသမီးမွေးစားခြင်းလျှောက်လွှာ (နည်းဥပဒေ ၆၁)

[ ပူးတွဲဖော်ပြသော စာရင်း 23 ] 23 ပုံစံ (၂၃) အမှုကိုစုံစမ်းဆဲ သို့မဟုတ် အမှုကိုစစ်ဆေးနေသည့်ကာလအတွင်း ကလေးသူငယ်ကို ခံဝန်ချုပ်ဖြင့်လွှတ်ထားခြင်း/ မိဘ၊ အုပ်ထိန်းသူထံ စည်းကမ်းချက်ဖြင့် အပ်နှံခြင်းအတွက် ချုပ်ဆိုသည့် ခံဝန်ချုပ် / အာမခံချုပ် (နည်းဥပဒေ ၆၆၊ နည်းဥပဒေ ၇၄)

[ ပူးတွဲဖော်ပြသော စာရင်း 24 ] 24 ပုံစံ (၂၄) အမှုကိုစုံစမ်းဆဲကာလအတွင်း ကလေးသူငယ်ကို စည်းကမ်းချက်ဖြင့်အပ်နှံသည့်အမိန့်စာ (နည်းဥပဒေ ၆၆)

[ ပူးတွဲဖော်ပြသော စာရင်း 25 ] 25 ပုံစံ (၂၅) မိဘအုပ်ထိန်းသူထံအသိပေးအကြောင်းကြားသည့်ပုံစံ [နည်းဥပဒေ ၆၇ (က)]

[ ပူးတွဲဖော်ပြသော စာရင်း 26 ] 26 ပုံစံ (၂၆) သင်တန်းကျောင်း၊ ဂေဟာ၊ ယာယီစောင့်ရှောက်ရေးစခန်း သို့မဟုတ် စောင့်ရှောက်သူထံမှထွက်ပြေးသည့် ကလေးသူငယ်အားပြန်ပို့သည့်ပုံစံ [နည်းဥပဒေ ၆၉ (က)]

[ ပူးတွဲဖော်ပြသော စာရင်း 27 ] 27 ပုံစံ (၂၇) ဘေးအန္တရာယ်တစ်စုံတစ်ရာကျရောက်ရန် အကြောင်းရှိသောကလေးသူငယ်ကို ကလေးသူငယ်တရားရုံးသို့တင်ပို့ခြင်း [နည်းဥပဒေ ၇၀ (က)]

[ ပူးတွဲဖော်ပြသော စာရင်း 28 ] 28 ပုံစံ (၂၈) အမှုကိုစစ်ဆေးနေသည့်အတွင်း စည်းကမ်းချက်ဖြင့်အပ်နှံသည့်အမိန့်စာ (နည်းဥပဒေ ၇၄)

[ ပူးတွဲဖော်ပြသော စာရင်း 29 ] 29 ပုံစံ (၂၉) -------------------- တရားရုံး၊ -------------------- မြို့ [နည်းဥပဒေ ၇၇ (က)]

[ ပူးတွဲဖော်ပြသော စာရင်း 30 ] 30 ပုံစံ (၃၀) [နည်းဥပဒေ ၇၇ (ခ)]

[ ပူးတွဲဖော်ပြသော စာရင်း 31 ] 31 ပုံစံ (၃၁) ပြစ်မှုကျူးလွန်သည့်ကလေးသူငယ်ကို ခံဝန်ချုပ်ပါစည်းကမ်းအတိုင်း ကောင်းမွန်စွာနေထိုင်ကျင့်ကြံစေရေးအတွက် မိဘ၊ အုပ်ထိန်းသူအား ချုပ်ဆိုသည့်အာမခံချုပ်နှင့် ခံဝန်ချုပ် [နည်းဥပဒေ ၈၀ (က)၊ နည်းဥပဒေ ၈၃ (ဂ)]

[ ပူးတွဲဖော်ပြသော စာရင်း 32 ] 32 ပုံစံ (၃၂) ကလေးသူငယ်ကြီးကြပ်သူ၏ကြီးကြပ်စီမံခြင်းကိုခံယူရန် ပို့အပ်သည့်အမိန့် [နည်းဥပဒေ ၈၀ (ခ)]

[ ပူးတွဲဖော်ပြသော စာရင်း 33 ] 33 ပုံစံ (၃၃) လူငယ်သင်တန်းကျောင်းသို့ထိန်းသိမ်းထားရန်ပို့အပ်သည့်အမိန့် [နည်းဥပဒေ ၈၀ (ဂ)၊ (ဃ) ၊ နည်းဥပဒေ ၈၄ (ခ)၊ ၈၆]

[ ပူးတွဲဖော်ပြသော စာရင်း 34 ] 34 ပုံစံ (၃၄) လူမှုဝန်ထမ်းဦးစီးဌာန (နည်းဥပဒေ ၈၂)

[ ပူးတွဲဖော်ပြသော စာရင်း 35 ] 35 ပုံစံ (၃၅) ကလေးသူငယ်အားရှာဖွေ၍တရားရုံးရှေ့တင်ပို့ရန် အမိန့်စာ [နည်းဥပဒေ ၈၅ (က)]

[ ပူးတွဲဖော်ပြသော စာရင်း 36 ] 36 ပုံစံ (၃၆) ကလေးသူငယ်အားမိဘ၊ အုပ်ထိန်းသူထံအမြန်ဆုံးအပ်နှံရန်အကြောင်းကြားစာ [နည်းဥပဒေ ၈၅ (ခ)]

Myanmar Law Information System (MLIS)